# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၂၉၆)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၁၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် “(၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ” ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားသည့် ဂုဏ်ပြုမိန့်ခွန်း



ဒီနေ့ကျင်းပပြုလုပ်တဲ့ “(၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” သို့ တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း/ပြည်ပ သုတေသနပညာရှင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ၊ စိတ်၏ ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပတဲ့ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပခဲ့တာ ယခု(၅၂) ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီညီလာခံတွေမှာ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များရဲ့ ကြိုးပမ်းအားထုတ်မှုဖြင့် ထွက်ပေါ်လာသော သုတေသနရလဒ်များကို မီးမောင်းထိုး တင်ပြခွင့်ရပြီး ကျန်းမာရေးတွေ့ရှိချက် အသိပညာများကို

*စာမျက်နှာ ၃ ကော်လံ ၁* ○



## ပုဂံရှိ အာနန္ဒာဘုရားကြီး၏ (၉၃၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ညောင်ဦး ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ (၉၃၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၁ ရက်မှစတင်ကာ သံဃာတော်အရှင်သူမြတ်များမှ ဘုရားကြီး တောင်ဘက်မုခ်တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းဖြင့် စတင်ခဲ့ပြီဖြစ်ကြောင်း အာနန္ဒာဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးဇော်ဝင်းချိုထံမှ သိရသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❖

### ယနေ့ မာတိကာ


**၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်** — ပြည်တွင်းသတင်း စာ ၆

**တတိယအကြိမ်မြောက် မြန်မာန္ဒားသိုးအလှ၊ အသားတိုးန္ဒား၊ နို့စားန္ဒားနှင့် ဆိတ်အလှ ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပမည်** — ပြည်တွင်းသတင်း စာ ၇





## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လူတိုင်းနှင့်သက်ဆိုင်သည့်တာဝန်

နှစ်သစ်၏အစ ယခုလပိုင်းအတွင်းမှာ မူးယစ်ဆေးဝါး ပမာဏ အမြောက်အမြား ဖမ်းဆီးရမိသည့်သတင်းများ ခပ်စိတ်စိတ် တွေ့နေရသည်။ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှု ကင်းမဲ့နေခြင်း၊ နိုင်ငံ၏ အတွင်းပိုင်းဒေသအချို့၌ အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပေါ်နေခြင်း စသည်တို့ကိုအခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ ပိုမိုပြုလုပ်လာ ကြခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ထို့အပြင် အချို့မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများတွင် အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ တိုက်ရိုက်ပါဝင်နေကြသလို အချို့မူးယစ်ဆေးဝါးအမှုများမှာ နောက်ကွယ်၌ အဆိုပါအဖွဲ့များ က ကြိုးကိုင်ဆောင်ရွက်နေကြသည့် သဲလွန်စအချို့ရှိနေကြသည်။

ယခုဇန်နဝါရီလ တတိယပတ်ကုန်အထိ ဖော်ပြခဲ့သည့် မူးယစ် ဆေးဝါး ပမာဏအမြောက်အမြားဖမ်းဆီးရမိသည့် သတင်းများ အနက် ဇန်နဝါရီ ၄ ရက်တွင် တပ်မတော်(ရေ)က မြန်မာ့ပင်လယ် ပြင်၌ ဖမ်းဆီးရမိခဲ့သည့် ငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန်၊ ဇန်နဝါရီ ၈ ရက် တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ဖမ်းဆီးရမိ ခဲ့သည့် ငွေကျပ် ၄ ဒသမ ၉၄၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၁၆ သိန်းနှင့် ဘိန်းဖြူ ကီလို ၁၀၀ ခန့်၊ ဇန်နဝါရီ ၁၇ ရက် တွင် နောင်ချိုမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် ငွေကျပ် ၃၀ ဘီလီယံ တန်ဖိုးရှိ အိုက်စ် နှစ်တန်တို့မှာ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါး ပမာဏများပြားသကဲ့သို့ ငွေကြေးတန်ဖိုးအရလည်း ကြီးမား သည်။ ပင်လယ်ပြင်၌ ဖမ်းဆီးရမိခဲ့သော စက်လှေတစ်စင်းစာခန့် တင်ဆောင်လာသည့် မူးယစ်ဆေးဝါးများမှာ ကော့သောင်းမှ တစ်ဆင့် ပြည်ပသို့ ပို့ဆောင်ရန်ဖြစ်သည်ဟု သိရသည်။

အခြားမူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများမှာ အနည်းဆုံး တန်ဖိုး ငွေကျပ်သိန်း ၄၀၀၀ ကျော်မှသည် ငွေကျပ်သန်းပေါင်း ၂၀၀၀ (နှစ်ဘီလီယံ)ခန့်အထိ အသီးသီးပါဝင်ကြပြီး ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေး၊ အိုက်စ်ခေါ် မက်သ်အဖက်တမင်း၊ Happy Water စသည့် မူးယစ်ဆေးဝါးအမျိုးမျိုးဖြစ်ကြသည်။ ၎င်းမူးယစ် ဆေးဝါးများကို ကလေးမှ တီးတိန်သို့၊ တောင်ကြီးမှ ကော့သောင်း သို့၊ ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့၊ ရှမ်းပြည်နယ်မှ ကချင်ပြည်နယ်သို့၊ ရန်ကုန်သို့ စသည်ဖြင့် သယ်ဆောင်ကြစဉ် ဖမ်းမိခြင်းဖြစ်ရာ ဥပဒေကိုမျက်ကွယ်ပြု၍ လောဘ၏သွေးဆောင် ရာနောက်သို့ အတင့်ရဲစွာ လိုက်ပါကြခြင်းဖြစ်သည်။ အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒတွင် “အကျိုးအမြတ်များလှ သော မူးယစ်ဆေးဝါးကုန်သွယ်မှုသည် နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ မှုခင်းများအား အားပေးလျက်ရှိပြီး အကျင့်ပျက်ခြစားမှုနှင့် ဆက်စပ်သော တရားမဝင်လုပ်ငန်းများကိုလည်း ဖြစ်စေလျက်ရှိ သဖြင့် နိုင်ငံ၏လုံခြုံမှုနှင့် နိုင်ငံသားတစ်ဦး တစ်ယောက်ချင်းစီ၏ လုံခြုံမှုကိုပါ ခြိမ်းခြောက်စေလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် ဥပဒေပိုင်းဆိုင်ရာအရ ဟာကွက်များရှိနေခြင်း၊ တားဆီးနှိမ်နင်း ရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုတွင်လည်း အားနည်းချက်များ ရှိနေသေးခြင်း၊ မှုခင်းဆိုင်ရာ စုံစမ်းစစ်ဆေးရေး စွမ်းဆောင်ရည် နည်းနေသေးခြင်း၊ မူဝါဒများ၊ တည်ဆောက်ရာတွင် အခြေခံရမည့် သတင်းအချက်အလက်များနှင့် သိပ္ပံနည်းကျ အထောက်အထား များ ရရှိနိုင်မှုနည်းပါးခြင်း စသည်တို့သည် စိန်ခေါ်မှုများအဖြစ် တည်ရှိလျက်ရှိပါသည်။ ထို့ပြင် တရားဥပဒေစိုးမိုးမှု အားနည်းသော အထူးဒေသများတွင် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများ ပြုလုပ်ရန်ခက်ခဲခြင်း စသည့်စိန်ခေါ်မှုများက လည်း မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း နှင့် သုံးစွဲခြင်းတို့အား ထိန်းချုပ်တားဆီးရာ၌ အခက်အခဲများ အဖြစ် ရှိနေပါသည်။”ဟူ၍ ဖော်ပြထားသည်ကို တွေ့ရသည်။

၂၀၂၀ ပြည့်နှစ် အစောပိုင်းမှစ၍ လက်ရှိကာလအထိ မြန်မာ နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါနှင့် နိုင်ငံရေးအပြောင်းအလဲပဋိပက္ခများ၊ နိုင်ငံတွင်း ဒေသအချို့ မတည်ငြိမ်မှုများက မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင် ရောင်းဝယ်မှုတို့ကို ပိုမိုအားပေးနေသည့်သဖွယ်ဖြစ်သည်။ မူးယစ် ဂိုဏ်းသားတို့အတွက် အကျိုးအမြတ်လွန်စွာကြီးမားသည့် မူးယစ် ဆေးဝါးသည် နိုင်ငံနှင့်လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ရှိသလို လူသားထုတစ်ရပ်လုံးအတွက်လည်း အန္တရာယ်ဖြစ်သည့်အလျောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးသည် လူတိုင်းနှင့်သက်ဆိုင် သည့် တာဝန်တစ်ရပ်အဖြစ် ပါဝင်ထမ်းဆောင်ကြရန် တိုက်တွန်း နှိုးဆော်အပ်ပါကြောင်း။ ။



**ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ။**




## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများ အားဖြင့် သာယာမည်။ မန္တလေး မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်း ချက်မှာ နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီး၊ ချင်းပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေ အနေမှာ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ် ပြင် တောင်ပိုင်းနှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်း ငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း နေသည်။

မိုး/ဇလ

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## တရားမအထူးအယူခံမှု (၄)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဒေါ်ခင်မေရီ၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄၇/၂၀၂၂ (မကွေး)၊ ၁၀/၂၀၂၃ (တနင်္သာရီ)၊ ၂၅/၂၀၂၃ (ကချင်)၊ ၂၆/၂၀၂၃ (မန္တလေး)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်း ခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“လက်နက်ကိုင် သောင်းကျန်းသူများ၏ ဘုရားပုထိုးများဖျက်ဆီးမှုအပေါ် ကန့်ကွက် ရှုတ်ချ”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေး သွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ တွင် **“အနာဂတ် နိုင်ငံတော်အတွက် ကလေး ငယ်များအား ပညာသင်ကြားပေးနေသည့် ကျောင်းဆရာ/ဆရာမများအား အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ် နှိပ်စက်နေသည့် အကြမ်း ဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင် ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက် အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်

**တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား။**

○ *ရှေ့ဖုံးမှ*

- ❖ **မကူးစက်နိုင်တဲ့ရောဂါများ အရေးပါသလို ကူးစက်နိုင်သောရောဂါများဖြစ်တဲ့ ကိုဗစ်ရောဂါ၊ ဆေးယဉ်ပါးတီဘီရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါတို့ကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်သုတေသနပြုလုပ်နေဖို့လည်း လိုအပ်ပါတယ်။ ရောဂါကုထုံးသစ်များ၊ ကာကွယ်ဆေးများထုတ်ဖော်ဖို့ အရေးပါတဲ့ အခြေခံအချက်အလက်များကို ဖော်ထုတ်နိုင်ဖို့အတွက် သုတေသနများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေဖို့လိုအပ်**
- ❖ **မြန်မာနိုင်ငံတွင် ကိုဗစ် - ၁၉ မျိုးကွဲများ၏ မျိုးရိုးဗီဇများကို ရှာဖွေဖော်ထုတ် စမ်းသပ်လေ့လာသုံးသပ်ခြင်းများကို အစဉ်တစိုက် လုပ်ဆောင်နေပြီး ယခုအခါ ကိုဗစ်-၁၉ မျိုးကွဲဗီဇစိစစ်ခြင်း စမ်းသပ်မှုပေါင်း (၃၀၀) ကျော်ကို ဆေးသုတေသနဦးစီးဌာနတွင် ပြုလုပ်ခဲ့ပြီးဖြစ်**

ဆွေးနွေးခွင့်၊ ဖလှယ်ခွင့်ရရှိစေတဲ့ စင်မြင့်တစ်နေရာဖြစ်တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်တဲ့ လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယ ကင်းရှင်းရေးဆိုတဲ့ ရည်မှန်းချက်နှစ်ရပ်ကို ပြည့်မီစေနိုင်ဖို့အတွက် များစွာ အထောက်အကူ ဖြစ်စေခဲ့ပါတယ်လို့ သိရပါတယ်။

ကျန်းမာရေးဆိုင်ရာ သုတေသနများက ထွက်ပေါ်လာတဲ့ တိကျခိုင်မာတဲ့ ရလဒ်အခြေပြုသုတေသနတွေ့ရှိချက်များပေါ် မူတည်ပြီး ကျန်းမာရေး မူဝါဒလမ်းညွှန်ချက်များ၊ မှန်ကန်တိကျသော ခေတ်မီကုထုံးများကို ချမှတ်ဖော်ထုတ်နိုင်ခဲ့ပါတယ်၊ အဲဒီလိုအခြေခံ အချက်အလက်များ ဖော်ထုတ်ရန် ဆောင်ရွက်သော သုတေသနများ ဟာ အရည်အသွေးမြင့်မားတဲ့ သုတေသနကောင်းများဖြစ်ဖို့ လိုအပ်လှပါတယ်။ ဒီလိုအရည်အသွေးမြင့်မားဖို့အတွက် မှန်ကန်တဲ့ သုတေသနနည်းပညာများကို အသုံးပြုဖို့လိုသလို သုတေသနကျင့်ဝတ်နဲ့ ညီညွတ်စွာဆောင်ရွက်ထားတဲ့ သုတေသနများဖြစ်ဖို့ အထူးလိုအပ်လှပါတယ်။

ဒီအချက်ကို မီးမောင်းထိုးပြဖို့ ယခုနှစ် (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံရဲ့ အဓိကသုတေသန ဦးတည်ချက်ခေါင်းစဉ်အဖြစ် “Enhancing Research Integrity and Research Ethics” “ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့်ပြည့်စုံသော သုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့” လို့ သတ်မှတ်ထားပြီး ယင်းနှင့်ပတ်သက်တဲ့ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျန်းမာရေးဝန်ကြီးဌာနအောက်မှာ ဖွဲ့စည်းထားတဲ့ သုတေသနကျင့်ဝတ်ကော်မတီများမှ အတွေ့အကြုံရှိ ဝါရင့်သုတေသီ ပညာရှင်များမှ ဦးဆောင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုသုတေသန ကျင့်ဝတ်ဆိုင်ရာနည်းပညာများကို အတွေ့အကြုံဖလှယ်ရင်း ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ သုတေသနကျင့်ဝတ်ကော်မတီများ ပိုမိုအားကောင်းခိုင်မာစေရေးအတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာမှာ ဖြစ်တယ်လို့ ယုံကြည်မိပါတယ်။

**သုတေသနတွေ့ရှိချက်များအရေးပါပုံကို မျက်ဝါးထင်ထင် တွေ့မြင်ရ**

ဒါ့အပြင် ယနေ့ကမ္ဘာကြီးမှာ ပြောင်းလဲလာတဲ့ နေထိုင်စားသောက်မှုပုံစံများကြောင့် မကူးစက်တတ်သော ရောဂါများဖြစ်တဲ့ သွေးတိုး၊ ဆီးချို၊ အဝလွန်၊ ကင်ဆာ စတဲ့ရောဂါများကို ကြိုတင်ကာကွယ်မှု၊ ထိရောက်စွာ ကုသနိုင်မှုအတွက် ရှေ့ဆက်ရမည့် ကျန်းမာရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဝါရင့်သမားတော်ကြီးများ၊ ဆေးပညာရှင်များမှ ပါဝင်ဆွေးနွေးမည့် “မကူးစက်တတ်သော ရောဂါများကာကွယ်ခြင်း၊ ဖြစ်ပွားမှုလျော့ပါးအောင် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များဆိုင်ရာ” ပညာရပ်ဆွေးနွေးပွဲကိုလည်း ကျင်းပမှာဖြစ်လို့ မကူးစက်နိုင်သော ရောဂါကာကွယ်တားဆီးရေးမှာ မှန်ကန်သော ကုထုံးများရရှိဖို့ အထောက်အကူကောင်းများရရှိမှာ မလွဲဖြစ်ပါတယ်။ ကင်ဆာရောဂါနှင့်ပတ်သက်ပြီး ပြည်တွင်း/ ပြည်ပမှ ပညာရှင်များ ပါဝင်ဆွေးနွေးမှာလည်း သိရပါတယ်။ ကင်ဆာနှင့်ပတ်သက်လို့ သုတေသနတွေ့ရှိချက် မြောက်မြားစွာအပေါ် အခြေခံကာ လေ့လာ သုံးသပ်ပြီး ရေးဆွဲခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များရေးဆွဲခဲ့သည့် “Myanmar National Cancer Control Strategic Action Plan (2023–2027)” ကို မကြာသေးခင် ၂၀၂၃ ဒီဇင်ဘာ (၂၇) ရက်နေ့က အသိပေးမိတ်ဆက်ပေးခြင်းဆောင်ရွက်နိုင်ခဲ့လို့ သုတေသနတွေ့ရှိချက်များ အရေးပါပုံကို မျက်ဝါးထင်ထင် တွေ့မြင်ရပါတယ်။

မကူးစက်နိုင်တဲ့ရောဂါများ အရေးပါသလို ကူးစက်နိုင်သောရောဂါများဖြစ်တဲ့ ကိုဗစ်ရောဂါ၊ ဆေးယဉ်ပါးတီဘီရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါတို့ကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်သုတေသနပြုလုပ်နေဖို့လည်းလိုအပ်ပါတယ်။ ရောဂါကုထုံးသစ်များ၊ ကာကွယ်ဆေးများ ထုတ်ဖော်ဖို့ အရေးပါတဲ့အခြေခံအချက်အလက်များကို ဖော်ထုတ်နိုင်ဖို့အတွက် သုတေသနများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေဖို့လိုအပ်ပါတယ်။ ဆေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးချုပ်) တွင် အဆင့်မြင့်မော်လီကျူးသုတေသနဌာန ဓာတ်ခွဲခန်း တည်ထောင်ခြင်းဟာ ယခု (၂၀၂၄) ခုနှစ် (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံမှာဆိုရင် (၁၀) နှစ်ပြည့် မြောက်ခဲ့ပြီလို့ သိရပါတယ်။ ဒီဓာတ်ခွဲခန်းကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအထောက်အပံ့နဲ့ (၂၀၁၄) ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ဓာတ်ခွဲခန်းတည်ထောင်ခြင်းရဲ့ ရည်ရွယ်ချက်မှာ ခေတ်မီနည်းပညာနဲ့ ဓာတ်ခွဲခန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများအသုံးပြုပြီး ကူးစက်နိုင်သော ရောဂါသုံးမျိုးဖြစ်သည့် (ငှက်ဖျား၊ အသည်းရောင် အသားဝါ၊ တီဘီ) ဆိုင်ရာ သုတေသနစွမ်းရည်ကို အားကောင်းလာစေရန်နှင့် မြန်မာပြည်သူများအတွက် ကူးစက်နိုင်သော ရောဂါများနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်လာစေရန် အထောက်အကူဖြစ်စေရန်တို့ ဖြစ်ပါတယ်။ ဓာတ်ခွဲခန်းတွင် အဆင့်မြင့်ဓာတ်ခွဲခန်းနည်းပညာအသုံးပြုထားသော ဇီဝလုံခြုံမှု အဆင့်(၂) အထက်ရှိ ဓာတ်ခွဲခန်းပါဝင်ပြီး သုတေသီများနှင့် နည်းပညာရှင်များအား ရက်ရှည်လေ့ကျင့်သင်ကြားပေးခဲ့တဲ့အတွက် မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း အဆင့်မြင့် မော်လီကျူးသုတေသနစင်တာသည် အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။

**ကိုဗစ်–၁၉ မျိုးကွဲဆိုင်ရာ အချက်အလက်များ အများပြည်သူသိရှိစေရန် သတင်းမျှဝေ**

မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ မျိုးကွဲများ၏ မျိုးရိုးဗီဇများကို ရှာဖွေဖော်ထုတ် စမ်းသပ်လေ့လာသုံးသပ်ခြင်းများကို အစဉ်တစိုက် လုပ်ဆောင်နေပြီး ယခုအခါ ကိုဗစ်–၁၉ မျိုးကွဲဗီဇစိစစ်ခြင်း စမ်းသပ်မှုပေါင်း (၃၀၀) ကျော်ကို ဆေးသုတေသနဦးစီးဌာနတွင် ပြုလုပ်ခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအတွင်း ပျံ့နှံ့လျက်ရှိသော ကိုဗစ်–၁၉ မျိုးကွဲဆိုင်ရာ အချက်အလက်များကို အများပြည်သူ သိရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းမျှဝေခဲ့တယ်လို့ သိရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။

ရာစုနှစ်တစ်ခုကျော်အကြာမှာဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်ပြီး မှတ်တမ်းမှတ်ရာများ နောင်လာနောက်သားများသိရှိစေဖို့အတွက် ရည်ရွယ်ကာ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးသုတေသနတပ်မှ သုတေသီများပူးပေါင်းပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ဆိုင်ရာ သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်လို့ သိရှိရပါတယ်။ အဲဒီသုတေသနလုပ်ငန်းကထွက်ပေါ်လာတဲ့ သုတေသနရလဒ်စာတမ်းများကို ယခုညီလာခံမှာ တင်သွင်းဖတ်ကြားမယ်ဆိုတာ သိရှိရတာကြောင့်မို့လို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

အရေးပါသော ကူးစက်ရောဂါတစ်ခုဖြစ်တဲ့ တီဘီရောဂါနဲ့ပတ်သက်ပြီး ဆေးယဉ်ပါးတီဘီရောဂါအတွက် ကုထုံးသစ်တစ်မျိုးကို သုတေသနပြုလုပ်ပြီး လူနာများတွင် လက်တွေ့အသုံးပြုကုသမှုများ ဆောင်ရွက်လျက်ရှိတယ်လို့ သိရှိရပါတယ်။ ဒီဆေးယဉ်ပါးတီဘီအတွက် သုတေသနတွေ့ရှိချက်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံမှ သုတေသနပညာရှင်များ ပါဝင်ဆွေးနွေးမယ့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပသွားမှာလို့လည်း သိရှိရပါတယ်။

ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်/ကျောင်းများတွင် အရည်အသွေးအာမခံမှုစနစ် တိုးမြှင့်အကောင်အထည်ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ အရည်အသွေးအာမခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်သော ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ထည့်သွင်းထားကြောင်းလည်း သိရှိရပါတယ်။

ဒီနှစ် (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို (၂၀၂၄) ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်နေ့မှ (၂၆) ရက်နေ့အထိ (၅)ရက်တိုင်တိုင်ကျင်းပမှာဖြစ်ပြီး သုတေသနစာတမ်း (၅၈) စောင်နှင့် သုတေသနပိုစတာ (၅၁) စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားမှာလို့သိရပါတယ်။ ကျန်းမာရေးကဏ္ဍအသီးသီးမှ သုတေသနကောင်းများ ပေါ်ထွက်လာစေဖို့ သုတေသနထောက်ပံ့ကြေးများကို ကျန်းမာရေးဝန်ကြီးဌာနသည် သုတေသနရန်ပုံငွေအထောက်အပံ့ပေးခဲ့တာဟာ ယခု(၂၀၂၃–၂၀၂၄) ဘဏ္ဍာနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ သုတေသီများအား သုတေသနစီမံချက် (၂၀၁)ခု ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုငွေကျပ်သန်း (၁၁၀၀)ကျော် ခွဲဝေချထားပေးပြီး သုတေသနများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ညီလာခံကြီးကိုအောင်မြင်စွာကျင်းပနိုင်ရန် လုပ်ငန်းတာဝန်များ သတ်မှတ်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြတယ်လို့သိရှိရတဲ့အတွက် ညီလာခံကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖြစ်သော စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီ၊ သုတေသနစာတမ်းနှင့်ပိုစတာဖတ်ကြားတင်သွင်းရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ အကောင်းဆုံး စာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့်အထောက်အကူပြုဆပ်ကော်မတီတို့မှ တာဝန်ရှိသူများနှင့် – စာတမ်း၊ ပိုစတာများ ဖတ်ကြားတင်သွင်းသူ သုတေသီများ၊ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများတွင် ပါဝင်ဆွေးနွေးကြသူ ပြည်တွင်း/ပြည်ပပညာရှင်များကိုလည်း မှတ်တမ်းတင်ချီးကျူးပါကြောင်း အလေးထားထည့်သွင်းပြောကြားလိုပါတယ်။

**နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး သုတေသနကျင့်ဝတ်နှင့်ပြည့်ဝသော အရည်အသွေးမီသုတေသနကောင်းများ ဆောင်ရွက်**

နိဂုံးချုပ်အနေဖြင့် (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီးကို ကျင်းပခြင်းဖြင့် ညီလာခံ၏ ရည်ရွယ်ချက်များဖြစ်သော ကျန်းမာရေးဆိုင်ရာသုတေသန ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဆိုင်ရာပညာရပ်များ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့် သက်ဆိုင်ရာ ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန်ဆိုတဲ့ ရည်ရွယ်ချက်များ ပြည့်မီရုံမက ရရှိလာသော အထောက်အထားခိုင်မာသော သုတေသနရလဒ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး” ကို ပံ့ပိုးမည့် ရလဒ်ကောင်းများရရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး သုတေသနကျင့်ဝတ်နှင့်ပြည့်ဝသော အရည်အသွေးမီ သုတေသနကောင်းများ အစဉ်တစိုက် ဆောင်ရွက်နိုင်ရေးအတွက် သုတေသီပညာရှင်များက မလျှော့သောဇွဲဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းကြစေလိုကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

# (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ

## သုတေသနစီမံချက် ၂၀၁ ခုအတွက် ခွင့်ပြုငွေကျပ်သန်း ၁၁၀၀ ကျော် ခွဲဝေချထားပေးပြီး အမျိုးသားကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများအတွက် များစွာအရေးကြီးလှသဖြင့် သုတေသနပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပံ့ပိုးသွားမည်

နေပြည်တော် ဇန်နဝါရီ ၂၂

**(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဆေးသုတေသနဦးစီးဌာန အမှတ်(၅) ဗိုလ်ကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ယနေ့နံနက်ပိုင်းကကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က Video Message ပေးပို့၍ ဂုဏ်ပြုမိန့်ခွန်း ပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၏ ဂုဏ်ပြုမိန့်ခွန်းကို စာမျက်နှာ ရှေ့ဖုံးနှင့် ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက အမှာစကားပြောကြားရာတွင် ယခုနှစ်ကျင်းပသည့် ညီလာခံကို "ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့် ပြည့်စုံသော သုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့ – Enhancing Research Integrity and Research Ethics" ဟု သတ်မှတ်ထားရှိပါကြောင်း၊ ယခုနှစ်သုတေသနညီလာခံတွင် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးချုပ်) ရှိ အဆင့်မြင့်မော်လီကျူးသုတေသနစင်တာ (Advanced Molecular Research Centre) ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အတွက် ဂုဏ်ပြုအမှတ်တရ အစီအစဉ်တစ်ခု ပါဝင်သည်ဟု သိရှိရကြောင်း။

**သုတေသနစာတမ်းများပါဝင်**

ညီလာခံသို့တင်သွင်းမည့် စာတမ်းများတွင် ကိုဗစ်ကပ်ရောဂါနှင့်ပတ်သက်သည့် မြန်မာနိုင်ငံ၌ ရင်ဆိုင်တွေ့ကြုံခဲ့ရသော ကိုဗစ်ကပ်ရောဂါဆိုင်ရာ ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ၊ ရောဂါကာကွယ်မှုနှင့် ကာကွယ်ဆေးထိုးနှံမှု အခြေအနေများ၊ ကူးစက်နိုင်သော ဆေးယဉ်ပါးတီဘီရောဂါဆိုင်ရာ သုတေသနစာတမ်းများ၊ မကူးစက်တတ်သော ရောဂါများအားကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲများ၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မတော်ဆေးသုတေသနတပ်မှ သုတေသီများ ဆောင်ရွက်ခဲ့သည့် သုတေသနစာတမ်းများ ပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် သုတေသနများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ သုတေသီများအား အသုံးချ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် သုတေသနစီမံချက် ၂၀၁ ခုအတွက် ခွင့်ပြုငွေကျပ်သန်း ၁၁၀၀ ကျော် ခွဲဝေချထားခဲ့ပေးပြီးဖြစ်ကြောင်း။

သုတေသနညီလာခံသည် သုတေသနပညာရှင်များ၊ ဆေးပညာရှင်များ၊ စီမံခန့်ခွဲသူများက သုတေသနရလဒ်နှင့် တွေ့ရှိချက်များကို ၎င်းတို့၏အတွေ့အကြုံနှင့် အသိပညာများကိုအခြေပြု၍ သုံးသပ်ချက်များ၊ အကြံပြုချက်များအား မျှဝေရာနေရာလည်းဖြစ်ခြင်းကြောင့် မူဝါဒ၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် အမျိုးသားကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများအတွက် များစွာအရေးကြီးလှသဖြင့် သုတေသနပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သုတေသနပိုစတာပြပွဲကြည့်ရှု**

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သုတေသနပိုစတာပြပွဲကို လှည့်လည်ကြည့်ရှုသည်။ **(အောက်ပုံ)**



ဆက်လက်၍ ပထမနေ့နံနက်ပိုင်း အစီအစဉ်အဖြစ် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားမှုဆိုင်ရာ သုတေသနစာတမ်း၊ ဦးနှောက်ရောင်ရောဂါဖြစ်ပွားမှု အကြောင်းရင်း ရောဂါလက္ခဏာများ၊ ဓာတ်ခွဲဓာတ်မှန်စမ်းသပ်မှုနှင့် ရောဂါဖြစ်စဉ်များအား လေ့လာသောသုတေသနစာတမ်း၊ မြန်မာနိုင်ငံ လက်ရွေးစင်အားကစားသမားများအကြားတွင် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သော အပြုအမူများ ဖြစ်ပေါ်ပျံ့နှံ့မှုများအား လေ့လာခြင်း သုတေသနစာတမ်းများကို ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာသော ပညာရှင်များ၊ သုတေသီများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး နံနက်ပိုင်းစာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**"တင်သွင်းမည့် စာတမ်းများတွင် ကိုဗစ်-၁၉ ရောဂါ၊ ကင်ဆာရောဂါ၊ တီဘီရောဂါ၊ အသည်းရောဂါ၊ ဦးနှောက်နှင့် ဦးနှောက်အမြှေးရောင်ရောဂါ၊ မြွေဆိပ်၊ သွေးလွန်တုပ်ကွေး၊ ရိုတာဗိုင်းရပ်(စ်)၊ ငှက်ဖျားရောဂါ၊ ဆင်တုပ်ကွေးရောဂါ၊ တိုင်းရင်းဆေး၊ သွားဘက်ဆိုင်ရာ၊ အားကစားဆိုင်ရာ၊ ဆေးဝါးဗေဒဆိုင်ရာ၊ အာဟာရဆိုင်ရာ၊ ကိုယ်ဝန်စောင့်ရှောက်မှုဆိုင်ရာ၊ သူနာပြုများ၏ ဆေးရုံကျင့်ဝတ်ဆိုင်ရာ၊ ဆေးပညာသင်ကြားရေးနှင့် အကဲဖြတ်နည်းဆိုင်ရာ သုတေသနများနှင့်ပတ်သက်သော သုတေသနစာတမ်းများ ပါဝင်မည်"**

မွန်းလွဲပိုင်းတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency– KOICA) က ဆောက်လုပ်လှူဒါန်းခဲ့သော ဆေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးချုပ်)ရှိ အဆင့်မြင့်မော်လီကျူးသုတေသနစင်တာ (Advanced Molecular Research Centre) ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အတွက် ဂုဏ်ပြုအမှတ်တရ အစီအစဉ်ကို ကျင်းပသည်။

ယင်းအစီအစဉ်တွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့် ကိုရီးယားနိုင်ငံတို့မှ အပြည်ပြည်ဆိုင်ရာ တီဘီရောဂါ သုတေသနစင်တာဥက္ကဋ္ဌ ဒေါက်တာ Sundae Song တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ဂုဏ်ပြု Video Clip ကို ဖွင့်လှစ်ပြသသည်။

**ဆေးယဉ်ပါးတီဘီရောဂါတွေ့ရှိချက်များ**

ဆက်လက်၍ ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်သည့် ဆေးယဉ်ပါးတီဘီရောဂါအတွက် သုတေသနတွေ့ရှိချက်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ သုတေသနပညာရှင်များ ပါဝင်ဆွေးနွေးကြသည့် "Myanmar–Korea Joint Symposium (2024)– Combating Drug–Resistant Tuberculosis" ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို ကျင်းပသည်။

**စာတမ်း ၁၀၉ စောင်တင်သွင်းဖတ်ကြား**

ယခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ နီးနွယ်ဝန်ကြီးဌာနများရှိ သုတေသီပညာရှင်များ၏ အခြေခံသုတေသနစာတမ်း ၂၃ စောင်၊ အသုံးချသုတေသနစာတမ်း ၂၂ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ၁၃ စောင်၊ သုတေသနပိုစတာ ၅၁ စောင် စုစုပေါင်း စာတမ်း ၁၀၉ စောင်တို့ကို တင်သွင်းဖတ်ကြားပြသကြမည်ဖြစ်သည်။

ယင်းတင်သွင်းမည့် စာတမ်းများတွင် ကိုဗစ်–၁၉ ရောဂါ၊ ကင်ဆာရောဂါ၊ တီဘီရောဂါ၊ အသည်းရောဂါ၊ ဦးနှောက်နှင့် ဦးနှောက်အမြှေးရောင်ရောဂါ၊ မြွေဆိပ်၊ သွေးလွန်တုပ်ကွေး၊ ရိုတာဗိုင်းရပ်(စ်)၊ ငှက်ဖျားရောဂါ၊ ဆင်တုပ်ကွေးရောဂါ၊ တိုင်းရင်းဆေး၊ သွားဘက်ဆိုင်ရာ၊ အားကစားဆိုင်ရာ၊ ဆေးဝါးဗေဒဆိုင်ရာ၊ အာဟာရဆိုင်ရာ၊ ကိုယ်ဝန်စောင့်ရှောက်မှုဆိုင်ရာ၊ သူနာပြုများ၏ဆေးရုံကျင့်ဝတ်ဆိုင်ရာ၊ ဆေးပညာသင်ကြားရေးနှင့် အကဲဖြတ်နည်းဆိုင်ရာ သုတေသနများနှင့်ပတ်သက်သော သုတေသနစာတမ်းများ ပါဝင်မည်ဖြစ်သည်။

**စာတမ်းဆုများချီးမြှင့်သွားမည်**

ညီလာခံသို့ တင်သွင်းလာသည့် စာတမ်းများမှ အခြေခံသုတေသန (Basic Research) စာတမ်းဆုများ၊ လက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းဆုများ၊ ကျန်းမာရေးစနစ်သုတေသန (Health Systems Research) စာတမ်းဆုများ၊ ပိုစတာစာတမ်းဆုများနှင့် လူငယ်သုတေသီဆုများကို စာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီက စိစစ်ရွေးချယ်၍ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၇ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)
**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်ကျော်ဟိုး အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၈ / ၂၀၂၄**
၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄) ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှတစ်ဆင့် ငွေကြေးလိမ်လည်မှုတားဆီးရေး အသိပညာပေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဘဏ်များနှင့် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများပူးပေါင်း၍ အများပြည်သူသို့ မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှတစ်ဆင့် ငွေကြေးလိမ်လည်မှုတားဆီးရေး အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဦးဆောင်၍ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၊ Grand Ballroom ၌ ကျင်းပသည်။



ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဘဏ်များနှင့် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများပူးပေါင်း၍ အများပြည်သူသို့ မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှတစ်ဆင့် ငွေကြေးလိမ်လည်မှုတားဆီးရေး အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်ကော်မတီအဖွဲ့ဝင်များ၊ ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**နည်းပညာမြှင့်တင်ကာကွယ်**

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၁ ရာစု အစောပိုင်း၌ ခေတ်မီနည်းပညာများ နေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ပေါ်လျက်ရှိပြီး လူမှုရေး၊ စီးပွားရေးတို့တွင် Social Media များမှတစ်ဆင့် Online အသုံးပြုမှုများ များပြားလာသည်နှင့်အမျှ Online စနစ်၏ လုံခြုံရေးကို သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်မှု ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အမှုပေါင်း ၄၈၂ မှု ရှိခဲ့ပါကြောင်း၊ နိုင်ငံခြားသားများ ပါဝင်သည့် ငွေကြေးလိမ်လည်မှုမှာ Social Media များမှတစ်ဆင့် ချိတ်ဆက်၍ ရင်းနှီးမှုရယူ၍ တန်ဖိုးကြီးဥစ္စာပစ္စည်းများ ပေးပို့ဟန်ဆောင်ပြီး ဆွဲဆောင်လိမ်လည်ကြခြင်းဖြစ်ပြီး အဆိုပါလိမ်လည်မှုတွင် ပါဝင်သည့် နိုင်ဂျီးရီးယားနိုင်ငံသား ၂၃ ဦး၊ ထိုင်းနိုင်ငံသား တစ်ဦးနှင့် မြန်မာနိုင်ငံသား ၅၉ ဦးကို အရေးယူနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့်စပ်လျဉ်း၍ တားဆီးကာကွယ်ရန် သတင်းအချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ်အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (SOP) များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါညွှန်ကြားချက်များနှင့်အညီ မိုဘိုင်းငွေရေးကြေးရေး လိမ်လည်မှုများအား ကာကွယ်တားဆီးနိုင်ရန်နှင့် မိုဘိုင်းငွေကြေးလိမ်လည်မှုများနှင့် စပ်လျဉ်းပြီး အများပြည်သူသို့ အသိပညာပေးရန်ကိစ္စရပ်များ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် တက်ရောက်လာသူများမှ ပါဝင်ဆွေးနွေးခြင်းဖြင့် မသမာသူများက လိမ်လည်မှုများ ကျူးလွန်သည့်နေရာတွင် မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများကို အသုံးပြုလာမှုအပေါ် နည်းပညာမြှင့်တင်ကာကွယ်ပေးနိုင်ရန် တိုက်တွန်းပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်သွားရန်လို**

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဦးဆောင်သော ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကြီးကြပ်မှုကော်မတီ ဖွဲ့စည်းပေးပြီး ဘဏ်နှင့်မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုများကို အသုံးပြု၍ လိမ်လည်မှုဖြစ်စဉ်ကို တိုင်ကြားလာပါက ဆောင်ရွက်ရမည့် စံလုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက် (SOP) များအတိုင်း လိုက်နာဆောင်ရွက်၍ ငွေကြေးလိမ်လည်မှုများအား အချိန်မီတားဆီးနိုင်ရေးနှင့် အရေးယူမှု မြန်ဆန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Action Task Force) ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ကြီးကြပ်ကွပ်ကဲမှုအပိုင်းက ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ မိုဘိုင်းငွေရေးကြေးရေးလုပ်ငန်းများ စနစ်တကျ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း မိမိ၏ငွေကြေးများကို လိမ်လည်မှုမခံရစေရေး မိမိတို့ကိုယ်တိုင် ကာကွယ်ရန်နှင့် အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် အသိပညာပေးအစီအစဉ်အနေဖြင့် မိုဘိုင်းငွေကြေးစနစ် လုံခြုံမှုရှိစေရန်အတွက် မရှိမဖြစ်သိသင့်သော အကြောင်းအရာများနှင့် ကျင့်သုံးဆောင်ရွက်နိုင်မည့် နည်းလမ်းကောင်းများကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်း၊ ပညာပေးဗီဒီယိုပြသခြင်းများ ဆောင်ရွက်သည်။ ထို့နောက်မြန်မာ့သတင်းအချက်အလက် လုံခြုံရေးအသင်း၏ ပူးတွဲတည်ထောင်သူ ဦးရဲသူရသက်က အွန်လိုင်းလိမ်လည်မှုနည်းပရိယာယ်များ၊ နည်းပညာများနှင့် လုပ်ကိုင်နည်းများကို သုံးသပ်တင်ပြခြင်းနှင့် နေ့စဉ်နှင့်အမျှ ဂရုပြုသင့်သော မိုဘိုင်းငွေကြေး လုံခြုံမှုဆိုင်ရာ အကြောင်းအရာများ၊ လိမ်လည်မှုဆိုင်ရာနည်းပညာများ၊ မိမိကိုယ်ကို ကာကွယ်နိုင်မည့် နည်းလမ်းများကို အပြန်အလှန်စကားဝိုင်းဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးရာဇာလင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီးညွန့်ဝေ၊ ကမ္ဘောဇဘဏ်လီမိတက်မှ ဦးစိုးကိုကို၊ Wave Money မှ ဒေါ်ခိုင်ဝေသွယ်၊ City Mart Holding Limited မှ ဦးငြိမ်းချမ်းစိုးဝင်း၊ Lady Grace Online Shop Owner ဒေါ်ဝေသက်မွန်တို့က ဆွေးနွေးကြသည်။

သတင်းစဉ်



# လပွတ္တာမြို့နယ်၌ မျက်စိရောဂါဝေဒနာရှင် ၆၄၆ ဦးအား အခမဲ့ကုသပေး

**လပွတ္တာ ဇန်နဝါရီ ၂၂**

ရန်ကုန်မြို့မှ မျက်စိအထူးကုဆေးအဖွဲ့နှင့် ဆေးရုံကြီးမှ မျက်စိဆရာဝန်ကြီးများပူးပေါင်း၍ လပွတ္တာမြို့နယ်ရှိ မျက်စိရောဂါဝေဒနာရှင်များအား ဇန်နဝါရီ ၁၁ ရက်မှ ၂၀ရက်အထိ အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ လပွတ္တာမြို့နယ် (၃)မိုင်မြို့ရှိ ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီး၌ မျက်စိရောဂါ ဝေဒနာရှင်များအား ရေတိမ်စမ်းသပ်စက်၊ ပါဝါစမ်းသပ်စက်၊ မျက်စိရောဂါ စမ်းသပ်စက်တို့ဖြင့် မျက်စိအထူးကုဆေးအဖွဲ့၊ မျက်စိဆရာဝန်ကြီးများက အမြင်စမ်းသပ်ခြင်း၊ မျက်တွင်းမှန်တိုင်းခြင်းနှင့် ရေချိန်တိုင်းခြင်း စသည့်စမ်းသပ်စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးသည်။ (ဓါတ်ပုံ) ဇန်နဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိ မျက်စိရောဂါဝေဒနာရှင် စုစုပေါင်း ၆၄၆ ဦး၊ ခွဲစိတ်လူနာ ၇၀ တို့အား မျက်စိကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး Intra Ocular lens (IOL) မျက်စိအတွင်းထည့်မှန်ဘီလူး ၆၆ ခု အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဥက္ကဋ္ဌသစ်အဖြစ် တာဝန်ယူဆောင်ရွက်မည့် အိမ်ရှင် ယူဂန်ဒါသမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဇန်နဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**လေဆိပ်၌ကြိုဆို**

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

**သတင်းစဉ်**



# Basic Social Work Skills Development သင်တန်းဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၂**

Basic Social Work Skills Development သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

ဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့သင်တန်းတွင် လူမှုရေးပညာရပ်ဆိုင်ရာ အခြေခံသဘောတရားများ၊ လူမှုရေး လုပ်ငန်းဆောင်ရွက်သူများ၏ အခန်းကဏ္ဍ၊ လူမှုရေးလုပ်ငန်း ဆောင်ရွက်သူများ ကျင့်သုံးဆောင်ရွက်ရမည့် အကြောင်းအရာများ၊ လိုက်နာရန်လိုအပ်သော ကျင့်ဝတ်စည်းမျဉ်းများ၊ လူတစ်ဦးချင်း၊ အဖွဲ့လိုက်နှင့် ရပ်ရွာအတွင်း ကူညီဆောင်ရွက်ပေးရမည့် နည်းလမ်းများအပြင် လူမှု ကာကွယ်စောင့်ရှောက်ရေး၊ ကျား/မ တန်းတူညီမျှရေး၊ မသန်စွမ်းမှုဆိုင်ရာ လူမှုရေးနည်းလမ်းအရကူညီဆောင်ရွက်ပေးနေသော လုပ်ငန်း အစီအစဉ်များနှင့် သက်ဆိုင်သည့် သင်ခန်းစာတို့ကို ပို့ချမည်ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်သည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် ယနေ့ သင်တန်းတွင်ပို့ချမည့် လူမှုရေး ပညာရပ်ဆိုင်ရာအခြေခံအကြောင်းအရာတို့ကို စိတ်ပါဝင်စားစွာဖြင့် လေ့လာသင်ယူရန်အပြင် လက်တွေ့လေ့ကျင့်ရန်နှင့် လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယနေ့သင်တန်းတွင် လူမှုရေးနည်းလမ်းအရ ကူညီဆောင်ရွက်ပေးသော လုပ်ငန်းအစီအစဉ်များနှင့်သက်ဆိုင်သည့် သင်ခန်းစာတို့ကို ဘာသာရပ်ဆိုင်ရာ ပုဂ္ဂိုလ်များက သုံးရက်တာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ"ကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C) ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၁၄) ကြိမ်မြောက် လစဉ်ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေး

**ပဲခူး ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇန်နဝါရီ ၂၂ ရက် နံနက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၁၄) ကြိမ်မြောက် လစဉ်ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစတင်၍ မြို့နယ် ၂၈ မြို့နယ်တွင် လစဉ်ပင်စင်လစာထုတ်ရက်တိုင်း ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း၊ ဆီးချို/သွေးချို အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးဝါး တစ်လစာ အခမဲ့ထောက်ပံ့ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ ***ရှေ့ဖုံးမှ***

အဆိုပါ ပုဂံ – ညောင်ဦးမြို့ရှိ အာနန္ဒာဘုရားကြီးသည် ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ဘုရားဖြစ်ပြီး နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းနှင့် ဆယ့်နှစ်ပွဲဈေးသည်များ စုံလင်စွာလာရောက်ရောင်းချခြင်း၊ ဒေသခံဈေးသည်များမှ ဒေသထွက် ယွန်းထည်ပစ္စည်းများ ရောင်းချခြင်းနှင့် ဈေးရောင်းဈေးဝယ် အလွန်စည်ကားသော ဘုရားပွဲတော်ဖြစ်ကာ တစ်လကျော်ကြာအောင် ကျင်းပသည့် ပွဲတော်ဖြစ်ပြီး ယခုနှစ်တွင် ရိုးရာ ပိုက်ကျော်ခြင်းပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အာနန္ဒာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အား ဇန်နဝါရီ ၂၀ ရက်မှ ဇန်နဝါရီ ၂၆ ရက်အထိ သံဃာတော် အရှင်သူမြတ်များမှ အသံမစဲပဋ္ဌာန်း ဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ပြာသိုလပြည့်နေ့ နံနက်ပိုင်းတွင် သံဃာတော်အပါး ၃၀၀ ကျော်တို့အား ဆွမ်း၊ ငွေသပိတ်လုံး၊ ငွေပဒေသာပင်များဖြင့် လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။

အာနန္ဒာဘုရားပွဲတော်သည် ညောင်ဦးခရိုင်အတွင်း အစည်ကားဆုံး ဘုရားပွဲတော်ဖြစ်ကာ စိုက်ရေးပျိုးရေး၊ ရောင်းဝယ်ရေးကောင်းပြီး ငွေပေါ်ချိန် အာနန္ဒာဘုရားပွဲနှင့် ကြုံချိန်ဖြစ်နေခြင်းက ညောင်ဦးနယ်တစ်ဝိုက်မှ တောင်သူများ၊ ဧရာဝတီမြစ်ကမ်းဘက်မှ ကျွန်းတောင်သူများ တောင်သူ၊ လယ်ယာလုပ်ငန်းခွင်သုံးစက်ပစ္စည်းကိရိယာများ လာရောက်ဝယ်ယူကြခြင်းဖြစ်ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဆယ့်နှစ်ပွဲဈေးသည်များ လာရောက်ရောင်းချသည့် ပစ္စည်းစုံလင်လှသော ဘုရားပွဲဈေးဖြစ်ကြောင်း၊ အာနန္ဒာဗုဒ္ဓပူဇနိယပွဲတော်အား ပြာသိုဘုရားပွဲဟုလည်း ခေါ်ဆိုခဲ့ကြောင်း၊ ရှေးယခင်က ပေါင်းမိုးလှည်းများဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လာရောက်ကြသည့် ပွဲတော်တစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**

# အခြေခံငါးဖမ်းကိရိယာများနှင့် ငါးဖမ်းနည်းစနစ်များဆိုင်ရာ သင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်း အတတ်သင်သိပ္ပံကျောင်း၌ အခြေခံငါးဖမ်းကိရိယာများနှင့် ငါးဖမ်းနည်းစနစ်များဆိုင်ရာ သင်တန်းကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်း သင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တိုးနန္ဒာတင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း) သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့မှ ဆရာ ဆရာမနှင့် သင်တန်းသားများ စုစုပေါင်း ခုနစ်ဦး အပါအဝင် ငါးလုပ်ငန်းဦးစီးဌာနမှ ၃၁ ဦး တက်ရောက်လျက်ရှိကာ ကျောင်းအုပ်ကြီးက သင်တန်းပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ကြီးဌာနတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂၂

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ အရာထမ်းနှင့် အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ရုံးအမှတ်(၁) ၌ ကျင်းပသည်။** (ယာပုံ)

ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနရှိဝန်ထမ်းများအားလုံး အနေဖြင့် ဝီရိယ၊ သစ္စာ၊ ဉာဏ၊ သမာဓိရှိရှိဖြင့် နိုင်ငံ့တာဝန်များကို ဝန်ထမ်းစည်းကမ်း၊ ရုံးစည်းကမ်းများနှင့်အညီ ထမ်းဆောင်တတ်သည့်ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်စေရန်နှင့် မိမိနိုင်ငံနှင့် ဝန်ကြီးဌာနအပေါ် သစ္စာရှိစွာဖြင့် စွမ်းဆောင်ရည် မြင့်မားသူများဖြစ်အောင် တက်တက်ကြွကြွ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ တာဝန်နှင့်အကောင်အထည်ဖော်နိုင်မှု၊ စီမံခန့်ခွဲမှု (Management)၊ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ် (Good Gov-ernance)၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ ရုံးစာရေးသားနည်း၊ ရုံးလုပ်ငန်းလက်စွဲ၊ အပြည်ပြည်ဆိုင်ရာဥပဒေ (International Law)၊ သံတမန်ရေးရာ အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များ၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (PFM)၊ စာရင်းစစ်ဆေးခြင်းနှင့် အစစ်ဆေးခံရန် ပြင်ဆင်ခြင်းများ (Auditing and Accounting)၊ အဂတိတရား ကင်းရှင်းရေးနှင့် တာဝန်များ စသည့်ဘာသာရပ်များအပြင် ဝန်ကြီးဌာန၏ ဝန်ထမ်းများအားလုံး သိရှိထားရမည့် ဘာသာရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာထမ်း၊ ကထိကများကို ဖိတ်ခေါ်၍ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂၇ ရက်အထိ ဖွင့်လှစ် သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများအပြင် မွမ်းမံသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်မြို့ ခုတင် (၅၀၀) ဆေးရုံကြီး၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

ပြည် ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင် (၅၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ လစဉ် ၂၁ ရက်နေ့တိုင်း ဒေသတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အထွေထွေရောဂါဆိုင်ရာ ဆေးဝါးကုသစစ်ဆေးမှုများနှင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်က အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၃၄ ဦးအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဗိုလ်မှူးချုပ် ဆန်းဌေးမောင်က ဆေးဝါးထောက်ပံ့စရိတ် ငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သည့် ဆေးဝါးထောက်ပံ့စရိတ် ငွေကျပ်ငါးသိန်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ သီတာစိုးက လက်ခံရယူသည်။

ထို့နောက် ပြည်ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့က အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနေမှုကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ပြည်) မှ ဗိုလ်မှူးချုပ် ဆန်းဌေးမောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)** အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ပြည်) မှ တန်ဖိုးသင့်စားသောက်ကုန်များ ရောင်းချပေးခြင်းနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်သော ပြည်ခရိုင်ဆန်ကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ဆန်တစ်ပြည် ငွေကျပ် ၂၅၀၀ နှုန်းနှင့် စားသုံးဆီငါးဆယ်ကျပ်သား ငွေကျပ် ၃၀၀၀ နှုန်းတို့ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်တွင် ပျိုးပေါင်ဖြင့် ပျိုးထောင်ပုံအဆင့်ဆင့်နှင့် ဆားရည်စိမ်၍ မျိုးစပါးသန့်စင်ခြင်း လုပ်ငန်းအဆင့်ဆင့်သရုပ်ပြပွဲကျင်းပ

ရွှေတောင် ဇန်နဝါရီ ၂၂

ရွှေတောင်မြို့နယ် သရက်တောရပ်ကွက်၊ နပ်တန်းလမ်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေး ဂိုဒေါင်ဝင်းတွင် ယမန်နေ့ နံနက်က လက်ဆွဲကောက်စိုက်စက်ဖြင့် ဗီယက်နမ်ရက် (၉၀) စပါးမျိုး စိုက်ပျိုးရန် ပျိုးပေါင်ဖြင့် ပျိုးထောင်ပုံအဆင့်ဆင့်နှင့် ဆားရည်စိမ်၍ မျိုးစပါးသန့်စင်ခြင်း လုပ်ငန်းအဆင့်ဆင့်သရုပ်ပြပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က နွေစပါးပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်စွာ ရရှိစေရေး၊ သက်တမ်းတို အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ ပျိုးထောင်စိုက်ပျိုးရေးနှင့် ကြဲခင်းများ မပြုလုပ်စေရေး ဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးအောင်က ပျိုးပေါင်ဖြင့် ပျိုးထောင်ပုံအဆင့်ဆင့်နှင့် ဆားရည်စိမ်၍ မျိုးစပါးသန့်စင်ခြင်း လုပ်ငန်း အဆင့်ဆင့်တို့ကို တောင်သူများအား လက်တွေ့သရုပ်ပြ ပေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**



# တတိယအကြိမ်မြောက် မြန်မာနွားသိုးအလှ၊ အသားတိုးနွား၊ နို့စားနွားနှင့်ဆိတ်အလှ ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံတွင် မွေးမြူလျက်ရှိသည့် မြန်မာ့နွားသိုးများ ကြံ့ခိုင်လှပသောကြောင့် မြန်မာ့မျိုးရင်း နွားသိုးများကို ကုန်းဘောင်ခေတ်မှ ယနေ့ကာလအထိ ကျေးလက်တောင်သူများ မွေးမြူထိန်းသိမ်းခဲ့ရာ ထိုသို့ မွေးမြူထိန်းသိမ်းစောင့်ရှောက်မှုအပေါ် အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံတော်က တိရစ္ဆာန်ပြပွဲနှင့် ပြိုင်ပွဲများကိုကျင်းပ၍ ဂုဏ်ပြုချီးမြှင့်လျက်ရှိရာ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရုံးဝင်းအတွင်း၌ မြန်မာနွားသိုးအလှ၊ အသားတိုးနွား၊ နို့စားနွားနှင့် ဆိတ်အလှ ပြပွဲနှင့်ပြိုင်ပွဲကို တတိယအကြိမ်မြောက်အဖြစ် ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် တတိယအကြိမ်မြောက် မြန်မာနွားသိုးအလှ၊ အသားတိုးနွား၊ နို့စားနွားနှင့်ဆိတ်အလှပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုး သတ်မှတ်ထားပြီး ခိုင်းနွားမျိုး နွားသိုးအလှ၊ နို့စားနွားမအတွဲနှင့် နို့စားနွားမတမ်း၊ အသားတိုးနွားအထီးနှင့် အသားတိုးနွားမ၊ ဆိတ်အထီး/အမ အလှပြိုင်ပွဲတို့၌ မွေးမြူရေးတောင်သူများ ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။ ပြိုင်ပွဲတွင် ယခင်နှစ်များနည်းတူ ပြခန်းများကို ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်မွေးမြူရေးတိရစ္ဆာန်များကို ပြိုင်ပွဲရက်မတိုင်မီ တစ်ရက်အလို နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း၊ နို့စားနွားပြိုင်ပွဲအတွက် မွန်းလွဲ ၂ နာရီမတိုင်မီ ပြိုင်ပွဲကျင်းပမည့်နေရာသို့ ပို့ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြခန်းများနှင့် အရောင်းဆိုင်ခန်းများအနေဖြင့် ပြိုင်ပွဲမတိုင်မီ တစ်ရက်အလို နံနက် ၉ နာရီမှစ၍ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဒုတိအကြိမ်မြောက် မြန်မာနွားသိုးအလှ၊ အသားတိုးနွား၊ နို့စားနွားနှင့် ဆိတ်အလှပြပွဲနှင့်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ၃ ရက် ကျင်းပခဲ့ကာ တတိယအကြိမ်မြောက် ပြပွဲနှင့်ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ ၃ ရက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ(mna)၊ ဓာတ်ပုံ-ကနူး**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

မြန်မာ့အလင်း



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် အခမ်းအနားကျင်းပမည့် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၁ ၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အဝင်မုခ်ဦး၊ ရွှေရင်ထိုး တပ်ဆင်ပေးမည့်နေရာ၊ Fashion Booth ၊ Photo Booth ၊ Interview Booth ၊ ဂုဏ်ပြုခံ လျှောက်လမ်း (Red Carpet) နေရာများကိုလည်းကောင်း၊ အခမ်းအနား ကျင်းပမည့် ကျောက်စိမ်းခန်းမ၌ အကယ်ဒမီဆုပေးပွဲ စင်မြင့်တည်ဆောက်နေမှု၊ LED ဘုတ်များတပ်ဆင်နေမှု၊ ဖျော်ဖြေရေး စင်မြင့်တည်ဆောက်မည့်နေရာ၊ အသံစနစ်နှင့် မီးစနစ်များ တပ်ဆင်ပြီးစီးနေမှု၊ နေရာထိုင်ခင်းများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ မီဒီယာဇုန် သတ်မှတ်ထားမှုများကိုလည်းကောင်း၊ ဆုရရှိကြသူများ အင်တာဗျူးရမည့် နေရာ၊ Fashion Award ဆုများ ၊ Fashion Award အကဲဖြတ်ဒိုင်များနှင့် ရွှေကြိုများထားရှိမည့် နေရာ ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက LED ဘုတ်များ၊ အသံပိုင်းနှင့် မီးပိုင်းဆိုင်ရာကိစ္စရပ် များ၊ အခမ်းအနားသို့ တက်ရောက်ကြမည့်သူများအတွက် နေရာထိုင်ခင်းနှင့် ဧည့်ခံရေးအစီအစဉ်များ၊ ဖိတ်ကြားရေး၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကိစ္စရပ်များ၊ ကျွေးမွေးဧည့်ခံမည့် အစီအစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်တွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များကို မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများအပြင် ဖက်ရှင်ဆုများ (Fashion Awards) ကိုလည်း ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade-12 သို့ တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၂

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade-12 သို့ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါးသမိုင်းပြခန်း၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ စက်ရုံမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။



**စနစ်တကျအသုံးချ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အခြေခံပညာ သင်ကြားတတ်မြောက်မှသာ အဆင့်မြင့်ပညာရပ်များကို ဆည်းပူးလေ့လာနိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာ Grade-12 သည် နောင်ဆက်လက်လေ့လာသင်ကြားလိုသည့် ပညာရပ်များအတွက် ပေါင်းကူးတံတား သဖွယ်ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆေးပညာ၊ စက်မှု၊ စိုက်ပျိုးရေး စသည့် ကဏ္ဍအစုံ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိကြောင်း၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရပ်များကို အခြေခံပညာမှစ၍ လေ့လာသင်ယူပြီး စနစ်တကျ အသုံးချရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံ့အကျိုးကို သယ်ပိုးနိုင်ပြီး နိုင်ငံတော်အတွက် အားကိုးရသည့် သားကောင်း သမီးကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြရန် ပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade-12 သို့ တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

**ဆေးဝါးကုန်ကြမ်းများဝယ်ယူ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနအနေဖြင့် ဆေးဝါးကုန်ကြမ်းများကို ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ တင်ဒါခေါ်ယူ၍ ဝယ်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးဝါးစက်ရုံများသို့ ကုန်ကြမ်းများနှင့် စက်ပစ္စည်းများ တင်သွင်းနေသည့် ကုမ္ပဏီများအနေဖြင့် ရရှိသည့်အမြတ်အစွန်း အချို့ကိုလည်း လူမှုတာဝန်သိမှု လုပ်ငန်း (Corporate Social Responsibility –CSR) တို့တွင် အသုံးပြုစေလိုကြောင်း၊ ဆေးဝါးစက်ရုံများ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆေးဝါးကုန်ကြမ်းများနှင့် စက်ပစ္စည်းများ တင်သွင်းနေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် စက်ရုံမှူးတို့က ကုမ္ပဏီများ၏ လိုအပ်ချက်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုအခြေအနေကို ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

**စက်ရုံလည်ပတ်နိုင်ရေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ MSME ဗဟိုဌာန၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ် Mr. Vladimir Kazadaev နှင့်တွေ့ဆုံ၍ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) အမြန်ဆုံးပြန်လည် စတင်လည်ပတ်နိုင်ရေး၊ ပတ်ဝန်းကျင်နှင့် လူတို့အား ထိခိုက်မှုမရှိသည့် နည်းစဉ်ဖြင့် Crysotile များကို စက်ရုံတည်ဆောက်၍ ထုတ်လုပ်နိုင်ရေး၊ နေကြာနှင့် ဝါစေ့မှ စားသုံးဆီများ ထုတ်လုပ်နိုင်ရေးတို့အတွက် လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ မော်ဘီခရိုင် အလုပ်အမှုဆောင်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ မော်ဘီခရိုင် အလုပ်အမှုဆောင်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဗဟိုအထွေထွေအတွင်းရေးမှူး ဦးခင်ဝေနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် တိုင်းအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ခရိုင်ဥက္ကဋ္ဌများ၊ မော်ဘီခရိုင် အလုပ်အမှုဆောင်များ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က နမ့်ဆန်မြို့အဝင်ရှိ စေတီတစ်ဆူအား ဖြိုချဖျက်ဆီးပြီးဌာပနာထည့်သွင်းပူဇော်ထားသည့် ရတနာများအား ယူဆောင်သွားမှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၂၂

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ် ပူဇော်နေသည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဗုံးများ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဖြိုချဖျက်ဆီးခြင်း၊ ဘုရား၊ စေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ခြင်း စသည့် ဗုဒ္ဓဘာသာကိုစော်ကားသည့် လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်။ ယခုတွင်လည်း TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့အဝင်ရှိတောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတစ်ဆူအား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးကာ စေတီအတွင်း ဌာပနာထားသည့် ပစ္စည်းများအား ယူဆောင်သွားသည်။

ထိုသို့ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်မှုကို ပစ်မှတ်ထား၍ ဘာသာ၊ သာသနာအား ညှိုးနွမ်းစေရန် ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေခြင်းသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဇဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်သည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဗုံးများဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအား လူမဆန်စွာ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် TNLA အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ ဗုဒ္ဓဘာသာဝင်များ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား ဇန်နဝါရီလ ၁၀ ရက်မှ ၂၀ ရက်အထိ ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးခဲ့ပြီး ဌာပနာထားသည့် ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဗုဒ္ဓဘာသာသာသနာကို စော်ကားနေသည့် လုပ်ရပ်များအတွက် များစွာ စိတ်မကောင်းဖြစ်ရပါကြောင်း၊ ဗုဒ္ဓသာသနာကို ညှိုးနွမ်းအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်အဖွဲ့အစည်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ရာ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓ ဆင်းတုတော်များအား ရိုင်းစိုင်းစွာ ဖြိုချဖျက်ဆီးလျက်ရှိပြီး ယခု အခါ၌လည်း TNLA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ရှမ်း ပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးကာ စေတီအတွင်း၌ ဌာပနာထားသည့် ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင် နိုင်ငံသားတိုင်း၏ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာ၊ သာသနာအပေါ် မိုက်ရိုင်း စော်ကားသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ဆောင်ချက်များအပေါ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ပစ်ခတ်ဖျက်ဆီးခြင်းများ ပြုလုပ်ခြင်းနှင့် ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများ ပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ လုပ်ရပ်များသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်နေသည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဖြိုချဖျက်ဆီးနေသည်ကို စိတ်မကောင်းစွာ မြင်တွေ့ကြားသိနေရပြီး ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာ၊ သာသနာတို့အား ယုတ်မာရိုင်းစိုင်းစွာ စော်ကားနေသည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များကို ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတစ်ဆူအား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးပြီး စေတီအတွင်း ဌာပနာထားသည့် ရတနာပစ္စည်းများကို TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ယူဆောင်သွားခဲ့ကြောင်း စိတ်မကောင်းစွာ ကြားသိရပါသည်။

၂။ ထိုသို့ လုပ်ဆောင်ခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က နမ့်ဆန်မြို့အဝင်ရှိ စေတီတစ်ဆူအား ဖြိုချဖျက်ဆီးပြီး ဌာပနာများ ထည့်သွင်းပူဇော်ထားသည့် ရတနာများ ယူဆောင်သွားသည်ဟု စိတ်နှလုံး မချမ်းမြေ့ဖွယ် ကြားသိရပါကြောင်းနှင့် ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်များအား ပြောင်ပြောင်တင်းတင်း စော်ကားနေမှုများအပေါ် လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်) က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

၁။ ဗုဒ္ဓဘာသာဝင်များကိုးကွယ်သည့် ဘုရားစေတီများအား ဖြိုချဖျက်ဆီးခြင်း၊ ဌာပနာထည့်သွင်းပူဇော်ထားသည့် ရတနာများ ယူဆောင်ခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများအား ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို စိတ်မကောင်းဖွယ်ရာ မြင်တွေ့ ကြားသိနေရပါသည်။

၂။ ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို လှောင်ပြောင်စော်ကားခြင်းနှင့် သာသနာဖျက်ဆီးခြင်းများအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က အကြမ်းဖက်အဖွဲ့အစည်းများအား ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

၁။ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဗုဒ္ဓဘာသာဝင် တို့၏ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာ အဆောက် အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိသည်။

၂။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေသည့် လုပ်ရပ်များသည် မည်သို့မျှလက်ခံ နိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## ယုံကြည်ခြင်း ဇေဝဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

မြန်မာနိုင်ငံအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များ အပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ဖြိုချဖျက်ဆီးခြင်း၊ ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လျက်ရှိသည်။

ထို့ပြင် TNLA အကြမ်းဖက်သောင်းကျန်းသူများက ယခုလအတွင်းတွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ ဗုဒ္ဓဘာသာဝင်များ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးခဲ့ပြီး ဌာပနာထားသည့် ပစ္စည်းများကိုယူဆောင်ခဲ့သည့်လုပ်ရပ်အား ယုံကြည်ခြင်း ဇေဝဂေလိ အသင်းတော်(ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ယုံကြည်ခြင်း ဇေဝဂေလိအသင်းတော်(ပဲခူး)

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

ဗုဒ္ဓဘာသာဝင်များ ယုံကြည်သက်ဝင်ကိုးကွယ်ပူဇော်နေသည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို ဖြိုချဖျက်ဆီးပြီး ဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်ထားသည့် ရတနာပစ္စည်းများအား ယူဆောင်သွားသည်ကို တွေ့ရှိရသည်။

ယခုကဲ့သို့ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာ၊ သာသနာအား ပစ်မှတ်ထား တိုက်ခိုက်နေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များကို ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ အပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများအား ရိုင်းစိုင်းစွာ ဖျက်ဆီးခြင်းများကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်လျက်ရှိပြီး ယခုအခါတွင်လည်း TNLA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင် တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် သက်တမ်းရှည် စေတီတော်တစ်ဆူအား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးကာ စေတီတော်အတွင်း ဌာပနာထားသည့်ပစ္စည်းများကို ယူဆောင်သွားကြကြောင်း ကြားသိရပါသည်။

ဘာသာပေါင်းစုံ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိသော မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်ရာ ဘုရား၊ စေတီ၊ ပုထိုးများအား ဖျက်ဆီးခြင်းသည် ဘာသာရေးအရ ကိုးကွယ်ယုံကြည်မှုကို ရိုင်းပြစော်ကားသည့် လုပ်ရပ်ဖြစ်သဖြင့် ထိုကဲ့သို့ ဖျက်ဆီးမှုများ လုပ်ဆောင်နေသည့် စစ်သွေးကြွလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များအားလုံးကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## သနင်္ဂနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်သည့် ဘုရား၊ စေတီ၊ ပုထိုးများ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ရိုင်းပြစော်ကားသည့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့ အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ယခုလအတွင်းတွင် ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးခဲ့ပြီး ဌာပနာထားသည့်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း တွေ့မြင်ကြားသိနေရပါသည်။

ယခုကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဘုရား၊ စေတီပုထိုးများအား ဖျက်ဆီးမှုများအား သနင်္ဂနဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

သနင်္ဂနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

၁။ TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးပြီး ဌာပနာပစ္စည်းများ ယူဆောင်သွားသည်ဟု သိရှိရပါသည်။

၂။ ထိုသို့ ဘာသာ၊ သာသနာအား ဖျက်ဆီးစော်ကားရုံမျှမက ဌာပနာပစ္စည်းများအား ယူဆောင်သွားသည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များ အပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ဖြိုချဖျက်ဆီးခြင်း အပါအဝင် အကြမ်းဖက်လုပ်ရပ်ပေါင်းစုံကိုပြုလုပ်လျက်ရှိကြောင်းနှင့် TNLA အကြမ်းဖက်သောင်းကျန်းသူများက ဇန်နဝါရီလ ၁၀ ရက်မှ ၂၀ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ ဗုဒ္ဓဘာသာဝင်များ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးခဲ့ပြီး ဌာပနာထားသည့် ပစ္စည်းများကိုယူဆောင်ခဲ့သည်ကို မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

၁။ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထား ကိုးကွယ်နေသည့် ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အဦများ၊ ဆင်းတုတော်များကို အကြမ်းဖက်သောင်းကျန်းသူအချို့က ဖြိုချဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် ဘာသာရေးဆိုင်ရာ အထင်ကရနေရာများအား အကြမ်းဖက်ဖျက်ဆီးမှုပြုလုပ်ခဲ့သည့် အဆိုပါ လုပ်ရပ်အပေါ် လက်မခံနိုင်ကြောင်း ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်လျက်ရှိပါသည်။

၃။ ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်ရာ သာသနိကအဆောက်အဦများနှင့် ဘုရား စေတီပုထိုးများကို ဖျက်ဆီးသည့်လုပ်ရပ်သည် ဘာသာတရားတစ်ခု၏ ကိုးကွယ်ယုံကြည်မှုကို ရိုင်းပြစော်ကားသည့် လုပ်ရပ်အဖြစ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ရှုမြင်သုံးသပ်ပါကြောင်းနှင့် အဆိုပါလုပ်ရပ်အပေါ် လုံးဝလက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ်ထားရာ စစ်ရေးနှင့်မသက်ဆိုင်သည့် ဘာသာရေးဆိုင်ရာ အထင်ကရနေရာများအား အကြမ်းဖက်သောင်းကျန်းသူအချို့က ဖြိုချဖျက်ဆီးမှုများ ပြုလုပ်ခဲ့ခြင်းသည် ဘာသာတရားတစ်ခု၏ ကိုးကွယ်ယုံကြည်မှုကို ရိုင်းပြစော်ကားသည့် လုပ်ရပ်ဖြစ်သောကြောင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများ အပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

၂။ ထိုသို့ ဗုဒ္ဓဘာသာဝင်များ အလေးအမြတ်ထား ကိုးကွယ်နေကြသည့် ဘုရားစေတီများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများအား ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်သည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ယုတ်မာရိုင်းစိုင်းစွာ ဖြိုချဖျက်ဆီးသည့်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ ဗုဒ္ဓဘာသာဝင်များ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ယခုလအတွင်းတွင် ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးခဲ့ပြီး ဌာပနာထားသည့်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုအပေါ် စော်ကားသည့် လုပ်ရပ်များအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

# အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုယ်တိုင်ပူးပေါင်းပါဝင်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**အခက်အခဲများ သိရှိနိုင်ရန်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း အခြေခံစက်မှုလုပ်ငန်းများ၌ ကုန်ချောများ ထုတ်လုပ်တင်ပို့နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်ရှိရင်ဆိုင်တွေ့ကြုံရသည့် အခက်အခဲများ သိရှိနိုင်ရန်၊ အလားအလာကောင်းသော (MSMEs) လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်နှင့် စိုက်ပျိုးရေးအခြေခံ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဖွဲ့အစည်းနှင့် မူဝါဒပိုင်းအားကောင်းလာစေရန်ရည်ရွယ်ချက် (၃)ရပ်ဖြင့် ယနေ့ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

**ပံ့ပိုးပေးရမည့်လုပ်ငန်းများဆွေးနွေးရန်**

ယခုဆွေးနွေးပွဲတွင် ပြည်တွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း အခြေခံစက်မှုလုပ်ငန်းများ၏ လက်ရှိ ဆောင်ရွက်နေမှုအခြေနေများ၊ အားနည်းချက်၊ အားသာချက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့မှ ပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများ၊ ကာလတို၊ ကာလရှည် ဆောင်ရွက်ရန်လုပ်ငန်းများ၊ နိုင်ငံတော်က ပံ့ပိုးပေးရမည့်လုပ်ငန်းများနှင့် မူဝါဒများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများအကြား အသေးစိတ် အဖြေရှာဖွေ ဖော်ထုတ်ဆွေးနွေးသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြခြင်း၊ ဌာနအသင်းအဖွဲ့နှင့် ပုဂ္ဂလိကတာဝန်ရှိသူများက အုပ်စုအလိုက် ဆွေးနွေးခြင်း၊ အုပ်စု ရှစ်ခု၏ ကိုယ်စားလှယ်များက ဆွေးနွေးချက်ရလဒ်များကို ပြန်လည်တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ သုံးသပ်တင်ပြပြီး ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပွဲ တက်ရောက်လာကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်နေသည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များကို ဖျက်ဆီးစော်ကားနေကြခြင်းကို တစ်နိုင်ငံလုံးက ကန့်ကွက်ရှုတ်ချနေသည့်ကြားက အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတစ်ဆူအား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးကာ စေတီအတွင်းဌာပနာထားသည့်ပစ္စည်းများအား ယူဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်နေသည့် စေတီ၊ ပုထိုး၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးသည့်လုပ်ရပ်များသည် ဗုဒ္ဓဘာသာဝင်အားလုံး၏ ကိုးကွယ်ယုံကြည်မှုကို ရိုင်းပျစော်ကားသည့် လုပ်ရပ်ဖြစ်သဖြင့် ၎င်းအကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

အကြမ်းဖက်သောင်းကျန်းသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုရားစေတီများအား အကာအကွယ်ယူ၍ ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိရာ ယခုအခါ TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတော်အား ဖြိုချဖျက်ဆီးခဲ့ပြီး စေတီတော်အတွင်း ဌာပနာပစ္စည်းများကိုလည်း ယူဆောင်သွားခဲ့ကြောင်း သိရပါသည်။

ထိုသို့အကြမ်းဖက်သောင်းကျန်းသူများ၏ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာသာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေသည့်လုပ်ရပ်များမှာ မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့အဝင်တောင်ကုန်းပေါ်မှ စေတီတစ်ဆူကို "ဘက်ဟိုး" ဖြင့် ဖြိုချဖျက်ဆီး၍ ဌာပနာများကို TNLA အဖွဲ့က ယူဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ ယခုကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် မြန်မာတို့ ကိုးကွယ်ရာဘာသာတရားကို လောဘရမ္မက်ကြီးမားစွာ ဖျက်လိုဖျက်ဆီးပြုလုပ်သည့် အကြမ်းဖက်အဖွဲ့အစည်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ နှစ်ပတ်လည်နေ့ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးသစ် ဖွင့်လှစ်ခြင်း (၂)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ကျင်းပရာ နံနက်ပိုင်းတွင် ဘုရားအနေကဇာတင်ခြင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ပရိတ်တရားတော်နာယူခြင်းတို့ ဆောင်ရွက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးသိန်းတို့က နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးသိန်းတို့က မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနက ဖွင့်လှစ်သည့် အလယ်အလတ်အဆင့် ဥပဒေအရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၃) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင်ဖွင့်လှစ်သည့် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၉)နှင့် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးက ဖွင့်လှစ်သည့် အခြေခံစာရေးဝန်ထမ်းရုံးလုပ်ငန်းသင်တန်း အမှတ်စဉ် (၁/၂၀၂၃)၌ ထူးချွန်ဆုရရှိသူ ငါးဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အကပဒေသာ၊ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်မှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၁၀၀ တက်ရောက်ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**




ပြည့်ဝဆီများကို တတ်နိုင်သမျှ
လျှော့စား၍ အသွင်ပြောင်းဆီများ
စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ဂျပန် လစူးစမ်းလေ့လာရေးယာဉ် ပါဝါမပိတ်မီ လပေါ်သို့ဆင်းသက်စဉ်အတွင်း အချက်အလက်နှင့်ဓာတ်ပုံများကိုအောင်မြင်စွာပေးပို့နိုင်ခဲ့

တိုကျို ဇန်နဝါရီ ၂၂

**ဂျပန်အာကာသအေဂျင်စီတာဝန်ရှိသူများသည် ဇန်နဝါရီ ၂၀ ရက်က လပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သော အာကာသစူးစမ်းလေ့လာရေးယာဉ်၏ ပါဝါကို ဆိုလာဘက်ထရီချွတ်ယွင်းမှုကြောင့် ပိတ်လိုက်ကြောင်း ပြောသည်။**



ယခုအခါတွင် ဂျပန်အာကာသ စူးစမ်းလေ့လာရေးအေဂျင်စီ တာဝန်ရှိသူများသည် လစူးစမ်းလေ့လာရေးယာဉ်(အက်စ်အယ်အိုင်အမ်)၏ ဘက်ထရီကို ပြန်လည်အသုံးပြုနိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဇန်နဝါရီ ၂၀ ရက်တွင် လပေါ်သို့ အာကာသယာဉ် အောင်မြင်စွာ ဆင်းသက်နိုင်ကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ကြေညာထားသည်။

ထို့ကြောင့် ဂျပန်နိုင်ငံသည် လပေါ်သို့အာကာသယာဉ် အောင်မြင်စွာ ဆင်းသက်နိုင်သည့် ငါးနိုင်ငံမြောက်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ သို့သော်လည်း လဆင်းယာဉ်၏ ဆိုလာစွမ်းအင်ထုတ်လွှတ်မှုစနစ်မှာ အလုပ်မလုပ်ကြောင်း ပြောသည်။

ဆိုလာဘက်ထရီ၏ ကျန်ရှိသော လျှပ်စစ်ဓာတ်အားမှာ ၁၀ ရာခိုင်နှုန်းခန့်သို့ ကျဆင်းသွားသောကြောင့် ၎င်းတို့၏ မြေပြင်ထိန်းချုပ်မှုသည် အာကာသစူးစမ်းလေ့လာရေးယာဉ်၏ စွမ်းအင်ထုတ်လွှတ်ရေးစနစ်နှင့် အဆက်အသွယ်ဖြတ်တောက်လိုက်ကြောင်း ဇန်နဝါရီ ၂၂ ရက်တွင် တာဝန်ရှိသူများက ပြောသည်။ ထိုကဲ့သို့ ဖြတ်တောက်လိုက်ခြင်းမှာ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေး ၎င်းတို့ကြိုးပမ်းအားထုတ်စဉ်အတွင်း မူမမှန်သော တစ်စုံတစ်ခု ဖြစ်ပေါ်ခြင်းမှ ကာကွယ်တားဆီးရန်ဖြစ်ကြောင်း သိရသည်။

ကနဦးအစီအစဉ်အရ လဆင်းယာဉ်၏ ဆိုလာဘက်ထရီသည် လပေါ်သို့ ဆင်းသက်ပြီးနောက် အပေါ်ဘက်သို့ မျက်နှာမူရမည်ဖြစ်သည်။ သို့သော်လည်း လဆင်းယာဉ်မှာ တိမ်းစောင်းသွားပြီး လက်ရှိမှာ အနောက်ဘက်သို့ မျက်နှာမူနေကြောင်း တာဝန်ရှိသူများက ပြောသည်။ အနောက်ဘက်မှ နေရောင်ခြည်ရရှိပါက ဘက်ထရီသည် နောက်ထပ် လျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လွှတ်ပေးနိုင်ကြောင်း ပြောသည်။

လစူးစမ်းလေ့လာရေးယာဉ်သည် ပါဝါမပိတ်မီ လပေါ်သို့ ဆင်းသက်စဉ်အတွင်း အချက်အလက်နှင့် ဓာတ်ပုံများကို အောင်မြင်စွာပေးပို့နိုင်ခဲ့ကြောင်း ဂျပန်အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဩစတြေးလျနိုင်ငံ ဆစ်ဒနီလေဆိပ်ကို တွေ့ရစဉ်။

# ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့လေဆိပ်သို့ ၂၀၂၃ ဒီဇင်ဘာလအတွင်း ခရီးသည် ၃ ဒသမ ၅၈ သန်း ဝင်ရောက်

**ဆစ်ဒနီ ဇန်နဝါရီ ၂၂**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီလေဆိပ်၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ဂိတ်မှတစ်ဆင့် ဖြတ်သန်းသွားသည့် ခရီးသည် ၃ ဒသမ ၅၈ သန်းရှိရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ခရီးသည် ဝင်ရောက်မှုထက် ၁၅ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း လေဆိပ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြည်တွင်းနှင့် ဒေသတွင်း ခရီးသည်သွားလာမှုမှာ လွန်ခဲ့သည့် တစ်နှစ်က ၂ ဒသမ ၀၈ သန်းရှိရာမှ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ဆစ်ဒနီလေဆိပ်မှတစ်ဆင့် သွားလာသည့် ထိပ်တန်းခရီးသွားနိုင်ငံမှာ ဩစတြေးလျ၊ တရုတ်၊ နယူးဇီလန်၊ အမေရိကန်၊ ဗြိတိန်၊ အိန္ဒိယနှင့် တောင်ကိုရီးယားနိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီလေဆိပ်၌ ၂၀၂၄ ခုနှစ်တွင် ထိုင်ခုံများနှင့် လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုအသစ်များ တိုးလာရန် မျှော်လင့်မိကြောင်း ဆစ်ဒနီလေဆိပ်မှ စီအီးအိုစကော့ချာလ်တန်က မှတ်ချက်ပြုပြောကြားသည်။ **ဆင်ဟွာ**

# ငလျင်ဒဏ်သင့်ဒေသအပါအဝင် ဂျပန်နိုင်ငံတစ်ဝန်း ဆီးနှင်းများ ထူထပ်စွာကျဆင်းနိုင်ကြောင်း သတိပေး

**တိုကျို ဇန်နဝါရီ ၂၂**

နှစ်သစ်ကူးနေ့တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်သင့်ဒေသများနှင့် ဂျပန်နိုင်ငံအတွင်း ဒေသအများအပြားတွင် ဆီးနှင်းထူထပ်စွာ ကျဆင်းနိုင်မှုနှင့် ပတ်သက်ပြီး ဂျပန်အာဏာပိုင်များက သတိပေးထားကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မိုးလေဝသအေဂျင်စီနှင့် မြေယာ၊ အဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနတို့သည် ဇန်နဝါရီ ၂၂ ရက်တွင် အရေးပေါ်ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။ ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ဆီးနှင်းကျဆင်းနိုင်ကြောင်း မိုးလေဝသအေဂျင်စီက ခန့်မှန်းထားသည်။

အဓိကအားဖြင့် ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်း ဂျပန်ပင်လယ်ဘက်ခြမ်းတွင် သိသာထင်ရှားသည့် ဆီးနှင်းများ ကျဆင်းနိုင်ကြောင်း သတိပေးထားသည်။ နှင်းတိမ်တောင်များ ဖြစ်ထွန်းလာခြင်းကြောင့် ငလျင်လှုပ်မှုဖြစ်ပွားသော ဟိုကုရိကုဒေသတွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနိုင်သည့်အပြင် မြောက်ပိုင်း ကန်စိုင်းနှင့် ချူဂိုကူဒေသတို့တွင်လည်း ကျဆင်းနိုင်ကြောင်း အဆိုပါအေဂျင်စီက ပြောသည်။

**အင်န်အိတ်ချ်ကေ**



# ဂါဇာတောင်ပိုင်း၌ အစ္စရေး၏ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၅၀ ထက်မနည်း သေဆုံး

**ဂါဇာ ဇန်နဝါရီ ၂၂**

ဂါဇာကမ်းမြောင် တောင်ပိုင်း ခန်းယူနစ်မြို့၌ ဇန်နဝါရီ ၂၂ ရက်တွင် အစ္စရေးက ဆက်လက်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ၅၀ ထက်မနည်းသေဆုံးကြောင်း တရားဝင်ပါလက်စတိုင်း သတင်းအေဂျင်စီ ဒဗလျူအေအက်ဖ်အေက ဖော်ပြထားသည်။

ခန်းယူနစ်မြို့၏ အနောက်ဘက်ဒေသများတွင် ပါလက်စတိုင်း စစ်သွေးကြွများနှင့် အစ္စရေးတပ်ဖွဲ့တို့ ပြင်းထန်သည့် တိုက်ပွဲများ ဖြစ်ပွားနေချိန်တွင် အစ္စရေးတို့က စစ်လေယာဉ်နှင့် အမြောက်များ အသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း၊ ထိုဒေသတွင် ထောင်နှင့်ချီသည့် ပါလက်စတိုင်း ရွှေ့ပြောင်းသူများ နေထိုင်ကြောင်း မျက်မြင်သက်သေများက ပြောသည်။



လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၉၀ သေဆုံးပြီး အခြား ၃၄၀ ဒဏ်ရာရရှိကြောင်း ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား သေဆုံးသူ စုစုပေါင်း ၂၅၂၉၅ ဦး ရှိပြီဖြစ်ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေး ဝန်ကြီးဌာနက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ ပစ်ခတ်မှုဖြစ်ပွားသဖြင့် ငါးဦးသေဆုံး

**ကိုလံဘို ဇန်နဝါရီ ၂၂**

သီရိလင်္ကာနိုင်ငံတောင်ပိုင်း ဘယ်လီယာတာမြို့၌ ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ပစ်ခတ်မှုဖြစ်ပွားသဖြင့် ငါးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ အမြန်လမ်းတောင်ဘက် ဘယ်လီယာတာမြို့အနီး၌ ပစ်ခတ်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ပစ်ခတ်မှုကြောင့် အခင်းဖြစ်ပွားရာနေရာတွင် လေးဦးသေဆုံးပြီး အခြားတစ်ဦးမှာ ဆေးရုံ၌ သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ နီဟယ်သာ့ဒူဝါက ပြောသည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၅ မိနစ်ဝန်းကျင်က ယာဉ်တစ်စီးဖြင့် သွားနေသည့် အမည်မသိအုပ်စုတစ်စုက ဂျစ်ကားအတွင်းရှိ အခြားအုပ်စုကို ပစ်ခတ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။ အဆိုပါပစ်ခတ်မှုမှာ ရာဇဝတ်ဂိုဏ်းအဖွဲ့ဝင်များက လုပ်ဆောင်ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က သံသယရှိကြောင်း၊ သီရိလင်္ကာနိုင်ငံသည် မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ရာဇဝတ်မှုဆိုင်ရာကိစ္စများ တားဆီးနှိမ်နင်းရေးကို ပြီးခဲ့သည့် ဒီဇင်ဘာ ၇ ရက်မှစကာ လုပ်ဆောင်ခဲ့ရာ ပြီးခဲ့သည့် သီတင်းပတ်က လူပေါင်း ၄၀၀၀၀ ကျော်ကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကျောက်ဆည်ခရိုင်၌ ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသဖြစ်သောကြောင့် လယ်ယာထွက်ကုန်သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး အဆိုပါသီးနှံများအနက် မြေပဲသီးနှံကိုလည်း တောင်သူများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်းမြေပဲ စိုက်ပျိုးရန် လျာထားဧက ၁၀၇၈ ဧကရှိပြီး ကျောက်ဆည်မြို့နယ်တွင် ၂၉၇ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၅၆ ဧက၊ မြစ်သားမြို့နယ်တွင် ၈၀၃ ဧကတို့ဖြင့် စုစုပေါင်း ဆောင်းမြေပဲ စိုက်ဧက ၁၁၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးမှုအနေဖြင့် ဆောင်းမြေပဲများကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြပြီး ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၅၃၀၀၀၀ ခန့် ကုန်ကြကြောင်း သိရသည်။ ယခင်နှစ် မြေပဲဈေးနှုန်းများအနေဖြင့် မိုးမြေပဲတောင့် တစ်တင်းလျှင် ငွေကျပ် ၃၆၀၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ရရှိခဲ့ပြီး ယခုအချိန်တွင် ဆောင်းမြေပဲ စိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းလျက်ရှိရာ မြေပဲပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း မြေပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

# ရွှေဘိုမြို့၌ နှမ်းဈေးကောင်းရရှိလျက်ရှိပြီး ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ပဲ၊ နှမ်း ကုန်စည်ဒိုင်သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တတိယပတ်မှစတင်၍ နှမ်းဖြူနှင့် နှမ်းနက်များ ဝင်ရောက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် ဆက်လက်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၁၆၅၀၀ ဈေးနှုန်းဖြင့် တစ်ပတ်အတွင်း တင်း ၃၆၀၀၊ တန်အားဖြင့် ၈၈ တန်ကိုလည်းကောင်း၊ နှမ်းနက် တစ်တင်းလျှင် ငွေကျပ် ၁၁၈၃၀၀ ဈေးနှုန်းဖြင့်တစ်ပတ်အတွင်း တင်း ၆၃၀၀၊ တန်အားဖြင့် ၁၅၄ တန်ကိုလည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇန်နဝါရီလ ပထမပတ်နှင့် ဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများကို နှိုင်းယှဉ်ပါက ဇန်နဝါရီလ ပထမပတ်တွင် နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၀၆၀၀၀နှင့် နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၁၁၃၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ဇန်နဝါရီလ ဒုတိယပတ်တွင် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၀၅၀၀နှင့် နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၅၃၀၀ ပိုမိုရရှိခဲ့ပြီး နှမ်းသီးနှံများ အဝင်များကာ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

# ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန် ၁၇ ဒသမ ၀၀၀ ဒေါ်လာသန်းနှင့် သွင်းကုန် ၂ ဒသမ ၅၀၀ ဒေါ်လာသန်းဖြင့် စုစုပေါင်း ၁၉ ဒသမ ၅၀၀ ဒေါ်လာသန်း ဖြစ်သည်။ ဇန်နဝါရီ ၁ ရက်မှ ၂၀ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၂၁ ဒသမ ၆၀၄ ဒေါ်လာသန်း၊ သွင်းကုန် ၁ ဒသမ ၆၆၉ ဒေါ်လာသန်း စုစုပေါင်း ၂၃ ဒသမ ၂၇၃ ဒေါ်လာသန်း ဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၁၉ ဒသမ ၃၄၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ဇန်နဝါရီလ၏ ကုန်သွယ်မှု လျာထားချက်အပေါ် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော တင်ပို့မှုအနေဖြင့် တန်ချိန် ၅၈၁၇၅ တန်၊ ဖရဲသီးတန်ချိန် ၃၅၀၊ ရော်ဘာတန်ချိန် ၁၀၅ တန်၊ ငရုတ်သီး တန်ချိန် ၄၀၇ တန်၊ ဆန်တန်ချိန် ၅၂၄ တန်၊ ကြက်သွန်နီ တန်ချိန် ၆၈ တန်နှင့် ရွှေဖရုံသီး တန်ချိန် ၁၂၀ တင်ပို့နိုင်ခဲ့သည်။

အများဆုံး သွင်းကုန်ပစ္စည်းများမှာ သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး၊ လိမ္မော်သီး၊ ကြွေပြားနှင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းတို့ တင်သွင်းနိုင်ခဲ့သည်။

DOT(ကံပိုင်တည်)

# ရွှေဘိုမြို့ရှိ ပဲ၊ နှမ်း ကုန်စည်ဒိုင်သို့ ပဲစင်းငုံများ အမြင့်ဈေးဖြင့် စတင်ဝင်ရောက်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ ဇန်နဝါရီလ ဒုတိယပတ်တွင် ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူများ စတင်ဝင်ရောက်လာပြီး အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ ပဲစင်းငုံအနီ တစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀ ဈေးနှုန်းဖြင့် တစ်ပတ်အတွင်း တင်း၂၇၀၀၊ ၈၈တန်ကိုလည်းကောင်း၊ ပဲစင်းငုံအဖြူ တစ်တင်းလျှင် ငွေကျပ် ၁၀၃၀၀၀ ဈေးနှုန်းဖြင့် တစ်ပတ်အတွင်း တင်း ၁၈၀၀၊ ၅၉ တန်ကိုလည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်နှင့် ယခုနှစ် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းများ နှိုင်းယှဉ်ပါက ယခင်နှစ်၌ ပဲစင်းငုံအဖြူ တစ်မျိုးတည်းကိုသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ကထက် ပဲစင်းငုံအဖြူ တစ်တင်းလျှင် ငွေကျပ် ၉၇၅၀၀ ဈေးပိုမိုရရှိခဲ့သည့်အပြင် ပဲစင်းငုံအနီ များလည်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်အစို/အခြောက်၊ ငါးပါကင်၊ ဆီအုန်းတို့ ဖြစ်သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ပလာတူးခက် တန်ချိန် ၈၅၇ ဒသမ ၅၅၄ တန်၊ ငါးနီငယ် တန်ချိန် ၁၄၈ ဒသမ ၄၃၀ တန်၊ ငါးချဉ်ပေါင် တန်ချိန် ၉ ဒသမ ၄၈၀ တန်၊ ကဏန်းဘုန်းကြီးတန်ချိန် ၇ ဒသမ ၅၀၀ တန်၊ ပလာတူးတန်ချိန် ၁၄၅ ဒသမ ၃၄၀ တန်၊ ငါးကုန်းညိုတန်ချိန် ၄၉ ဒသမ ၄၄၀ တန်၊ ကျောက်ငါးတန်ချိန် ၈၈၀ တန်၊ ဇလွယ် တန်ချိန် ၂၅၂၀ တန်၊ စမတ်တန်ချိန် ၁၀၆၀ တန်နှင့် မုတ်ဖြူ တန်ချိန် ၂၄၀ တန်ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ဒီဇယ်ဆီ၊ ဘက်ထရီ၊ ပလတ်စတစ်ပိုက်၊ ဓာတုပစ္စည်း၊ စားသောက်ကုန်ကြမ်း၊ ပလတ်စတစ်လိပ်နှင့် ပလတ်စတစ်ဖျာတို့ဖြစ်ကြောင်း သိရှိရသည်။

DOT (ကော့သောင်း)

# ၂၂-၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၆၅၀၀ | ၄၅၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၇၅၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၃၀၀ | ၁၆၅၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၂၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၃၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၅၅၈၅ | ၁၆၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၇၅၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၃၅၀၀ | ၁၈၅၀၀ | ၁၄၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၅၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၇၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၁၁၀၀ | ၉၃၀၀ | ၇၂၀၀ | ၃၃၀၀ | ၃၇၀၀ | ၄၃၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၃၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၄၇၅ | ၁၈၀၀၀ | ၃၈၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၀၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၆၅၀၀ | ၂၂၀၀ | ၂၂၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၀၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | ၄၄၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၃၅၀၀ | ၉၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၉၇၅ | ၁၂၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၅၅၀၀ | ၁၃၀၀၀ | ၅၇၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၃၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၆၇၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၂၄၀၀ | ၁၄၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၇၃၀၀ | ၄၀၀၀ | ၃၁၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၆၀၀၀ | ၃၄၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၃၅၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၈၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၃၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# Green City ၏ ဘေးအန္တရာယ်ကင်းရှင်းရေး ဖိုရမ် (အပိုင်း-၁)

မိုး(အလရ)

အာဆီယံ-တရုတ် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ကို ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်၍ ပိုမိုဘေးကင်းသည့် လူမှုဘဝများ ဖန်တီးပေးနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အခန်းကဏ္ဍတွင် အားကောင်းခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်စေရန်နှင့် အသိအမြင်၊ အတွေ့အကြုံများ ဖလှယ်နိုင်မည့် လမ်းကြောင်းတစ်ရပ်ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်သုံးဦး တက်ရောက်ခဲ့ကြသည်။

ထိုဖိုရမ်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နန်နင်းမြို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တောင်ပိုင်းတွင်ရှိပြီး ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော်လည်းဖြစ်သည်။ စိမ်းလန်းစိုပြည်သော အပူပိုင်းဒေသသစ်ပင်များ ပေါများသည့်အတွက် နန်နင်းမြို့ကို အစိမ်းရောင်မြို့တော် (Green City) ဟုလည်း ခေါ်ဆိုကြသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသည့်အတွက် တွေ့ကြုံရမည့်အရာများ၊ လေ့လာခွင့်ရရှိမည့် နည်းပညာများနှင့် ပတ်သက်၍ စိတ်လှုပ်ရှားနေမိသည်။

ကျွန်တော်တို့၏ ခရီးစဉ်က ဒီဇင်ဘာ ၄ ရက်တွင် ဖိုရမ်နှင့် ပြပွဲသို့ တက်ရောက်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက်တွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေသည့် နေရာများသို့ သွားရောက်လေ့လာရမည်ဖြစ်သည်။ ခရီးသွားလာခြင်းအပါအဝင် သုံးညအိပ် လေးရက် သွားရောက်ခဲ့ရသည့် ခရီးစဉ်ဖြစ်ပေသည်။




ဖိုရမ်တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များ၏ မှတ်တမ်းဓာတ်ပုံ။

**ခရီးအစ**

ကျွန်တော်တို့သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက် မြန်မာစံတော်ချိန် ဝ၇:၂၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ လေယာဉ်မောင်းချိန် တစ်နာရီခန့်သာကြာမြင့်ပြီး ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် ဝ၉:၁၅ နာရီတွင် ရောက်ရှိခဲ့ကြသည်။ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ၏ ဒေသစံတော်ချိန် ၁၃:ဝဝ နာရီတွင် China Southern Airline ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ လေယာဉ်မောင်းချိန် နှစ်နာရီခွဲခန့် ကြာမြင့်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ Wuxu အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် ၁၆:၃ဝ နာရီတွင် ရောက်ရှိခဲ့ကြသည်။

ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်တို့သည်လည်း ကျွန်တော်တို့အဖွဲ့နှင့် လေယာဉ်တူသည့်အတွက် အတူတကွရောက်ရှိကြသည်။ လေဆိပ်ပြင်ပသို့ ထွက်ချိန်တွင် ဆောင်းရာသီဖြစ်သည်နှင့်အညီ အေးမြလျက်ရှိပြီး လွန်ခဲ့သည့်ရက်မှစ၍ မိုးရွာသည့်အတွက် ညပိုင်းတွင် အပူချိန် ၁၃ ဒီဂရီစင်တီဂရိတ်အထိရှိပြီး အအေးဓာတ်ပိုလာကြောင်း စကားပြန်ဝန်ထမ်းက ရှင်းပြ၍ သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Wuxu အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အရေးပေါ်စီမံခန့်ခွဲရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ မြန်မာဘာသာပြန် Ms. Fan Bohong တို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြပါသည်။ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များအတွက် ကားတစ်စီးစီ စီစဉ်ထားသည်ကို တွေ့ရှိရသည်။ စေတနာ့ဝန်ထမ်းများက ခရီးဆောင်အိတ်များကို ကားပေါ်သို့ ကူညီသယ်ပို့ပေးကြသည်။ ထိုဘာသာပြန်သူနှင့် စေတနာ့ဝန်ထမ်းများအဖြစ် ဆောင်ရွက်ရန် တက္ကသိုလ်များတွင် ပညာသင်ကြားနေသည့် ကျောင်းသူများအား လုပ်အားပေးခေါ်ယူထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျွန်တော်တို့အဖွဲ့သည် လေဆိပ်မှ တည်းခိုမည့် Liyoun Resort သို့ ကားဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ၁၇:၃ဝ နာရီခန့်တွင် ရောက်ရှိခဲ့ကြသည်။ တည်းခိုရမည့် Liyoun Resort သည် လုံးချင်းတိုက်များဖြင့်ဖြစ်ပြီး သစ်ပင်များ၊ ရေကန်များဖြင့် စိမ်းလန်းသာယာလွန်းလှပေသည်။ ရေကန်များတွင် ဒေါင်းများ၊ ကျေးငှက်များကိုလည်း တွေ့ရလေသည်။

ကျွန်တော်တို့အဖွဲ့သည် ညစာစားပွဲအခမ်းအနား တက်ရောက်ရန်ရှိသည့်အတွက် အဝတ်အစားလဲ၍ ပြင်ဆင်ပြီး Liyoun Resort ၏ ညှော်ခန်းမသို့ သွားကြသည်။ ၁၈:ဝဝ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. SONG Yuanming၊ ကွမ်ရှီးဒေသ အာဏာပိုင်အစိုးရ ဒုတိယဥက္ကဋ္ဌ Mr. XU Yongke တို့က ဖိုရမ်တက်ရောက်ရန် လာကြသည့် အာဆီယံ ၁ဝ နိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြပြီး ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



**ဖိုရမ်တက်ရောက်ခြင်း**

နောက်တစ်ရက် နံနက် ၈ နာရီတွင် ကျွန်တော်တို့အဖွဲ့သည် ဖိုရမ်ကျင်းပပြုလုပ်မည့် Nanning International Convention Exhibition Center သို့ သွားရောက်ခဲ့ကြပါသည်။ အာဆီယံ-တရုတ် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဝ၉:ဝဝ နာရီတွင် စတင်ကျင်းပခဲ့သည်။

ဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေး ဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး Mr. SONG Yuanming၊ ကွမ်ရှီးဒေသ အာဏာပိုင်အစိုးရ ဒုတိယဥက္ကဋ္ဌ Mr. XU Yongke၊ ဖိလစ်ပိုင်နိုင်ငံ အလုပ်သမားနှင့် အလုပ်အကိုင်ဝန်ကြီးဌာနမှ Undersecretary Mr. Atty. Benjo Santos M. Benavidez၊ အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် အဖွဲ့ဝင်နိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်၊ တရုတ်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ကိုယ်စားလှယ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ငန်းရှင်များ စုစုပေါင်း တက်ရောက်သူ ၃ဝဝ ခန့်ရှိသည်။ ခန်းမအတွင်း အာဆီယံနိုင်ငံများ၏ အထင်ကရနေရာများကို ချိတ်ဆွဲထားပြီး ခမ်းနားစွာ *စာမျက်နှာ ၁၇ သို့*



ကွမ်ရှီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့။



ဖိုရမ်နှင့် ပြပွဲကျင်းပခဲ့သည့် International Convention and Exhibition Center။

# ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်ကြီးများက ပုသိမ်မြို့နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး



**ပုသိမ် ဇန်နဝါရီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကုဆေးရုံကြီး ခုတင်(၅၀၀) ရန်ကုန်ကလေးဆေးရုံကြီးတို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးဆေးကုသရေးအဖွဲ့သည် ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့မှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ပုသိမ်မြို့ ခုတင်(၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဇန်နဝါရီ ၂၀ ရက်မှ ၂၁ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဝန်ကြီးများက ဇန်နဝါရီ ၂၁ ရက်တွင် သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဆေးလာရောက်ကုသသည့်လူနာများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းကာ ကျန်းမာရေးဝန်ထမ်းများက လူနာများစာရင်း ရေးသွင်းနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများ၊ အထူးကုဆရာဝန်ကြီးများက ဆေးဝါးကုသပေးနေမှုများကို ကြည့်ရှုအားပေး၍ အထူးကုဆရာဝန်ကြီးများအား ဒေသထွက်အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အထူးကုဆေးကုသရေးအဖွဲ့တွင် နှလုံး၊ ဆီးချိုနှင့်ဟော်မုန်း၊ ကလေးကင်ဆာ၊ ကလေးဦးနှောက်နှင့်အာရုံကြော၊ အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ ရင်ခေါင်း၊ ဦးနှောက်နှင့်အာရုံကြော၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်ကြပြီး ဆေးကုသပေးခဲ့ရာတွင် လူနာစုစုပေါင်း ၁၁၁၉ ဦးအား ကြည့်ရှုကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သရက်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆွေးနွေး

**သရက် ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေး တွေ့ဆုံဆွေးနွေးပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ ဇန်နဝါရီ ၂၀ ရက်ကကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ Grade-12 အောင်ချက် ပိုမိုမြင့်မားလာစေရေးအတွက် ခရိုင်နှင့်မြို့နယ် ပညာရေးမှူးများ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ အထက်တန်း၊ အထက်တန်းကျောင်း(ခွဲ)နှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ၏ ကျောင်းအုပ်ကြီးများ၊ ဘာသာပြဆရာ ဆရာမများက ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသဖြင့် ဝမ်းမြောက်ကြောင်း အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး သက်နိုင်ထွန်းက လုံခြုံရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဆရာကြီး ဦးကျော်ဦးက ပညာရေးဆိုင်ရာ ညွှန်ကြားချက်များကို ရှင်းလင်းမှာကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ဦးက စာမေးပွဲလုပ်ငန်းဆိုင်ရာများ စီစဉ်ထားမှုကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**ဇော်ထက်(သရက်)**

*စာမျက်နှာ ၁၆ မှ*

ပြင်ဆင်ထားသည်ကို တွေ့ရသည်။ ဖိုရမ်ဖွင့်ပွဲအခမ်းအနား၊ ပြခန်းများ လေ့လာကြည့်ရှုခြင်းနှင့် ဆွေးနွေးပွဲများ ဟူ၍ အပိုင်းသုံးပိုင်းခွဲ၍ စီစဉ်ဆောင်ရွက်ထားသည်ကို တွေ့ရသည်။

